မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်၊ ၂၀၁၁ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ စနေနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၀၄)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ထိုင်းနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ထိုင်းနိုင်ငံ ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခြင်းခံရသည့် မစ္စစ် ရင်လပ် ရှင်နာဝပ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

ဆေးဝါးပြည့်စုံ၊ ငွေကြေးကုန်ကျမှုသက်သာပြီး ကျွမ်းကျင်သော ဝါရင့်ဆရာဝန်ကြီးများ အထူးဂရုစိုက်မှုဖြင့်

(၂၄) နာရီ အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဘောဂသိဒ္ဓိဆေးရုံ နေပြည်တော်၌ဖွင့်

နေပြည်တော် ဩဂုတ် ၅

ဆေးဝါးပြည့်စုံ၊ ငွေကြေးကုန်ကျမှုသက်သာပြီး ကျွမ်းကျင်သော ဝါရင့်ဆရာဝန်ကြီးများ အထူးဂရုစိုက်မှုဖြင့် အကောင်းဆုံး ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဘောဂသိဒ္ဓိဆေးရုံ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် သပြေကုန်းဈေး ဇီဝကဆေးဆိုင်ခန်းရှိ အဆိုပါဆေးရုံမျက်နှာစာ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။

ဆေးရုံဖွင့်ပွဲအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဆရာဝန်ကြီးများ၊ ကုမ္ပဏီလုပ်ငန်းရှင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် တာဝန်ရှိသူများက ဘောဂသိဒ္ဓိဆေးရုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဘောဂသိဒ္ဓိဆေးရုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

စာမျက်နှာ ၈ ကော်လံ ၄ ✻

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် ဘောဂသိဒ္ဓိဆေးရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အင်္ဂါဂြိုဟ်ပေါ်၌ ရေများစီးဆင်းလျက်ရှိ နာဆာဓာတ်ပုံများတွင်ဖော်ပြ

အင်္ဂါဂြိုဟ်ပေါ်၌ ရေများစီးဆင်းလျက်ရှိသည်ကို နာဆာမှပေးပို့သည့်ဓာတ်ပုံတွင် ဤသို့ တွေ့ရသည်။ (အင်တာနက်ဓာတ်ပုံ)

မြန်မာ့အလင်း — အာကာသသိပ္ပံ

➢ ကောင်းမြတ်သူ – ရေးသားသည် ➣

နာဆာ ဩဂုတ် ၅

အင်္ဂါဂြိုဟ်ခေါ် မားစ် (Mars) ဂြိုဟ်ပေါ်ရှိ တောင်တန်းများကို ရိုက်ကူးထားသော ဓာတ်ပုံများအရ ယင်းဂြိုဟ်ပေါ်၌ ရေများ စီးဆင်းလျက်ရှိသည်ကို တွေ့ရကြောင်း နာဆာအဖွဲ့က ဩဂုတ် ၄ ရက်၌ ပြောကြားသည်။

လေ့လာခဲ့

ယင်းတွေ့ရှိချက်ကို အမေရိကန်နှင့် ဆွစ်ဇာလန် အာကာသသိပ္ပံ ပညာရှင်အဖွဲ့တစ်ဖွဲ့က ပူးပေါင်းလေ့လာ တွေ့ရှိခဲ့ခြင်းဖြစ်ပြီး သိပ္ပံ သတင်းဂျာနယ်၌ ဩဂုတ် ၄ ရက်က ဖော်ပြခဲ့သည်။

ထုတ်ဖော်ပြောကြား

အဆိုပါ အင်္ဂါဂြိုဟ်၏ ဓာတ်ပုံများမှာ အင်္ဂါဂြိုဟ် စူးစမ်းလေ့လာရေး အာကာသယာဉ်မှ ပေးပို့သည့် ပုံများဖြစ်သည်။ အဆိုပါဂြိုဟ်ပေါ်၌ ကျောက်ဆောင်ကျောက်စွန်းများကြားမှ နက်ရှိုင်းသည့် တောင်စောင်းများဆီသို့ ရေများ စီးဆင်းလျက်ရှိကြောင်း တွေ့ရသည်ဟုဆို၏။ တောင်စောင်းများတွင် နွေအခါ နေ၏ အပူရှိန်ကြောင့် အက်ကွဲကြောင်းများတွေ့ရပြီး ဆောင်းအခါ၌ ရေစီးကြောင်းများ ဖြစ်ပေါ်လာသည်ကို လေ့လာတွေ့ရှိရကြောင်း နာဆာက ထုတ်ဖော်ပြောကြားခဲ့သည်။ ***(အင်တာနက်)***

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- ✻ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ✻ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✻ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✻ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း — ယနေ့ ဖတ်စရာ၊ မှတ်စရာ

ရွှေဖရုံသီးများ မိတ္ထီလာ ဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်။ (စာ – ၃)

အဆိုတော် သရုပ်ဆောင် ဂျင်နီဖာလိုပက်ဇ် ရင်တွင်းခံစား ချက်များ ဖွင့်ဟ။ (စာ – ၆)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဩဂုတ် ၆ ရက်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်း

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ တောတောင် သဘာဝသယံဇာတအရင်းအမြစ်များနှင့် ဖြစ်တည်လျက်ရှိသောနိုင်ငံဖြစ်သည်။ ယင်းသဘာဝအရင်းအမြစ်များသည် သဘာဝအလှအပများကို ဖန်တီးဖော်ဆောင်လျက်ရှိသည်။

မြန်မာ့မြေပေါ်တွင် ရေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သော ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ထားသည့် သဘာဝတောများ၊ သဘာဝကျွန်းတောကြီးများ၊ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် ယနေ့တိုင် တည်ရှိလျက်ရှိသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတို့သည် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းမှဝင်ငွေရရှိနိုင်ရန် နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကြိုးပမ်းလျက်ရှိသည်။ ယနေ့အချိန်တွင် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းသည် နိုင်ငံတကာ၌ ရေပန်းစားနေသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်လာသည်။ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းအောင်မြင်ရေးအတွက် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနသည် မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်း၍ ပြည်ပခရီးသွားလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုသည် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်၊ ယဉ်ကျေးမှုအမွေအနှစ်အရင်းအမြစ်တို့အပေါ်တွင် တည်မှီနေလျက်ရှိသည်။ သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်အရင်းအမြစ်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများသည် စနစ်တကျ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

ခရီးသွားလုပ်ငန်းများ အောင်မြင်တိုးတက်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများသည် အဓိကအခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။ ခရီးသွားများ စိတ်ချမ်းမြေ့စွာ နေထိုင်စားသောက်ရေးအတွက် ဟိုတယ်လုပ်ငန်းဆိုင်ရာများတွင် ဝန်ဆောင်မှုကောင်းရန်နှင့် ခရီးသွားလုပ်ငန်းများအတွက် ဝန်ဆောင်မှုကောင်းရန် လိုအပ်ပေသည်။ သို့ဖြစ်၍လည်း ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖွင့်လှစ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာလုပ်ငန်းများ၏ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားရေးကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ၌ ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရင်း ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် ဝန်ဆောင်မှုအရည်အချင်းပြည့်ဝသည့် လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကို ကြိုးပမ်းစွမ်းဆောင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သိပ္ပံနည်းကျ စိုက်ပျိုးထားသည့် စံပြစိုက်ခင်းများအတွင်း မြေဩဇာကြဲပက်ခြင်းနှင့် ပေါင်းနုတ်ခြင်းများ ဆောင်ရွက်

ကန်ကြီးထောင့် ဩဂုတ် ၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ် မိချောင်းတစ်ရာ အုပ်စု ရွာသစ်ကုန်းကျေးရွာ ကွင်းအမှတ် (၁၇၂/အေ)၊ ဦးပိုင် (၁၃/၁)ရှိ တောင်သူ ဦးအုန်းငွေ၏ လယ်မြေတွင် ဇူလိုင် ၃၀ ရက် နံနက် ၈နာရီက သိပ္ပံနည်းကျ စိုက်နည်းစနစ် (၁၄) ချက်နှင့်အညီ ဆောင်ရွက်သည့် စံပြစပါးစိုက်ခင်းအတွင်း ပင်ပွားစည်းချိန် ယူရီးယားနှင့်သဘာဝမြေဩဇာ ကြဲပက်ခြင်းနှင့်ပေါင်းနုတ်ခြင်းကို စုပေါင်းဆောင်ရွက်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဉာဏ်လှိုင်၊ မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးကြည်သိန်း၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်သောင်းနှင့်တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ (အပေါ်ပုံ) (၀၉၃)

အခွန်ပညာပေး ဆွေးနွေးပွဲ ဘားအံမြို့နယ်၌ကျင်းပ

ဘားအံ ဩဂုတ် ၅

ကရင်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန ဘားအံမြို့နယ်ဦးစီးဌာနက ကြီးမှူး၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် မြို့နယ်အခွန်ဦးစီးဌာနရုံး၌ ကျင်းပရာ ပြည်နယ်ဦးစီးဌာန ဦးစီးမှူးဦးခင်မောင်ဝင်း (အပေါ်ပုံ)က အမှာစကားပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးအောင်မျိုးဦးက စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများအား အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေး သိကောင်းစရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက်တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ဆေးဝါးတက္ကသိုလ် ကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၅

ဆေးဝါးတက္ကသိုလ်(ရန်ကုန်) (၁၉၉၄ မှ ၂၀၀၇)အထိ ကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမဆုံးအကြိမ် မြတ်ဆရာပူဇော်ပွဲကို စက်တင်ဘာ ၁၈ ရက် (တနင်္ဂနွေနေ့)တွင် ရန်ကုန်မြို့ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် မခင်စောမွန် ဖုန်း-၀၉-၄၃၀၂၀၇၀၃၊ ကိုကျော်ကျော်လင်း ဖုန်း-၀၉-၅၀၀၉၇၀၁၊ မအောင်သန္တာဦး ဖုန်း-၀၉- ၂၀၄၅၃၀၀၊ မယုမွန်သန်း ဖုန်း-၀၉-၅၀၃၅၀၇၂၊ မစန်းစန်းဝင်း ဖုန်း-၀၉-၇၃၁၉၇၀၈၊ မမိမေဖြူဖြူစင် ဖုန်း-၀၉-၈၆၃၃၇၈၀၊ မဖြူယမင်းမြတ် ဖုန်း-၀၉-၄၃၀၅၆၂၂၇၊ မခိုင်မွန်ကျော် ဖုန်း-၀၉-၅၄၀၅၅၈၂၊ မနှင်းဝေဝေ ဖုန်း-၀၉-၅၂၆၁၂၄၂၊ ကိုနေဝင်းမောင် ဖုန်း-၀၉-၅၁၃၇၆၅၄၊ မသန္တာဝင်း ဖုန်း-၀၉-၇၃၁၆၁၅၄၀၊ မတာရာဝင်း ဖုန်း-၀၉- ၅၂၀၈၁၉၈၊ ကိုခင်မောင်နိုင် ဖုန်း-၀၉-၇၃၀၇၇၅၅၀၊ မဇွန်ခိုင်ဦး ဖုန်း-၀၉-၅၀၈၀၀၆၅၊ ကိုနိုင်မျိုးမင်း ဖုန်း-၀၉-၅၀၂၄၂၂၅ တို့ထံသို့ ဆက်သွယ်လျှောက်ထားနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး ထားဝယ်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ထားဝယ် ဩဂုတ် ၅

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ် ဗျောတောဝရပ်ကွက်တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးရေး လုပ်ငန်းကို ဩဂုတ် ၂ ရက်က ထားဝယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းခင်နှင့်ဝန်ထမ်းများ ကွင်းဆင်းဆောင်ရွက်ကြသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးသည့်အခမ်းအနားကို ဗျောတောဝရပ်ကွက် ဗျောတောဝ ရွာလယ်မြောင်းရုံး၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး အခမ်းအနားသို့ တနင်္သာရီတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညိုရွှေ၊ ခရိုင်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ထွန်းဘော်တို့ တက်ရောက်ကြကာ နိုင်ငံသားစိစစ်ရေးကတ်ပြားကို ညွှန်ကြားရေးမှူး ဦးညိုရွှေက နိုင်ငံသားအရည်အချင်းပြည့်မီသူများအား တစ်ဦးချင်း ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ (အပေါ်ဝဲပုံ) (၁၈၇)

ဖျာပုံမြို့ ၁၂ ရပ်ကွက် ဂေါက်ကွင်းလမ်းဘေးဝဲယာတွင် ချုံနွယ်ပေါင်းမြက်များရှင်းလင်းနေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးစိုးဦးကြီးကြပ်ဆောင်ရွက်စဉ်။ (၀၆၆)

ဆိုင်ကယ်စီးလျှင် လူနှစ်ဦးထက် ပိုမစီးရ

ရရှိသည့်အတွေ့အကြုံ ဗဟုသုတများကို လက်တွေ့ကျကျအသုံးချ တိုးတက်ကြီးပွား အောင်မြင်လိုစိတ်ဖြင့် ကိုယ်တိုင်ကြိုးစားလုပ်ကိုင်

ဆွေးနွေးမှာကြား

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းသို့ လာရောက်လေ့လာကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ လေ့လာရေးအဖွဲ့ဝင် တောင်သူလယ်သမားများနှင့် ရခိုင်ပြည်နယ် သံတွဲခရိုင်မှ တောင်သူလယ်သမားများအား ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းသို့ လာရောက်လေ့လာကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ လေ့လာ ရေးအဖွဲ့ဝင် တောင်သူလယ်သမား ၃၈ ဦးနှင့် ရခိုင်ပြည်နယ် သံတွဲခရိုင်မှ တောင်သူ လယ်သမား ၃၂ ဦးတို့အား စံပြစိုက်ခင်းဧက ၃၀အတွင်း စိုက်ပျိုးထားသည့် စပါးခင်းများနှင့် အထူးအထွက်တိုး ကြံစိုက်ခင်းများကို လိုက်လံပြသ ရှင်းလင်းသည်။

လေ့ကျင့်ပညာပေး

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် သီးနှံမျိုးစုံ စုစုပေါင်း ဧကသန်း ၅၀ စိုက်ပျိုးလျက်ရှိပြီး မိုးစပါး၊ နွေစပါး စုစုပေါင်း ဧကသန်း ၂၀ စိုက်ပျိုးလျက်ရှိကြောင်း၊ နိုင်ငံတော်အပိုင်းက တောင်သူလယ်သမားများအတွက် အရင်းအနှီးငွေများ တိုးမြှင့်ပေးရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် စီးပွားရေးအရ တွက်ခြေကိုက်မည့် အထူးအထွက်တိုး မျိုးကောင်းမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များကို လေ့ကျင့်ပညာပေးခြင်း၊ သုတေသနလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း စသောလုပ်ငန်းများဖြင့် တောင်သူလယ်သမားများအား တိုးတက်လုပ်ဆောင်နိုင်ရန် စံပြစိုက်ခင်းများဖြင့် နည်းပညာပေး ပြသဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ တောင်သူများအနေဖြင့် ရရှိသည့်အတွေ့အကြုံ ဗဟုသုတများကို လက်တွေ့ကျကျ ပြန်လည်အသုံးပြုခြင်းအားဖြင့် မိမိတို့၏လုပ်ငန်းအလိုက် ဝင်ငွေများတိုးတက်ရရှိ လာစေမည်ဖြစ်ပြီး ကိုယ်တိုင်တိုးတက်ကြီးပွားလိုစိတ်၊ အောင်မြင်လိုစိတ် ပြင်းပြစွာဖြင့် ကိုယ်တိုင်ပါဝင်ကြိုးစားလုပ်ကိုင်ဆောင်ရွက်ကြခြင်းအားဖြင့် တိုးတက်အောင်မြင်မှုပန်းတိုင်ကိုရရှိအောင် လုပ်ကိုင်ကြရန် တိုက်တွန်းမှာကြားခဲ့သည်။

ပြသဆွေးနွေး

ထို့နောက် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်ဝင်းက သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်ကာ ပျိုးသက် ၂၀ ရက်သားတွင် ချက်ချင်းနုတ်၊ ချက်ချင်းစိုက် ၁၀ တန်း တစ်တန်းလှပ်ဖြင့် စိုက်ပျိုးထားသော အထူးအထွက်တိုး စပါးခင်းကို လေ့လာရေးအဖွဲ့ဝင်များအား ပြသဆွေးနွေးသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် အထူးအထွက်တိုး ကြံစိုက်ခင်း ၅ဧကသို့ရောက်ရှိလေ့လာကြရာ ကြံသီးနှံလုပ်ငန်း ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းမြင့်က သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးထားသော ကြံစိုက်ခင်း၏ အောင်မြင်ဖြစ်ထွန်းမှုနှင့် တစ်ဧကပျမ်းမျှ တန် ၆၀ အထက် ထွက်ရှိနိုင်သည့် အခြေအနေများကို ရှင်းလင်းပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေးအဖွဲ့ဝင်များသည် နံနက် ၈ နာရီခွဲတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ချိုင်းကျေးရွာအနီး တောင်သူဦးကြီးဦးဇေယျာထွန်းညို၏ တောင်သူပညာပေး စပါးစိုက်ခင်း ဧက ၄၀ သို့ ရောက်ရှိကြပြီး ၃၅ရက်သားသက်တမ်းရှိ အထူးအထွက်တိုး စပါးစိုက်ခင်း၌ ပင်ပွားများ အောင်မြင်ဖြစ်ထွန်းနေပုံ၊ သိပ္ပံနည်းကျ (၁၄)ချက်ဖြင့် ဆောင်ရွက်ထားရှိမှုများနှင့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုလေ့လာကြသည်။

ရှင်းလင်းပြသ

ထို့နောက်နေပြည်တော် ဇေယျာသီရိမြို့နယ် တစ်ဧကပျမ်းမျှ တန် ၆၀ အထက် ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုး စိုက်ခင်း ၅ ဧကသို့ ရောက်ရှိရာ ကြံသီးနှံလုပ်ငန်းဌာန ဒုတိယဦးဆောင်ညွှန်ကြားရေးမှူးက သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် အထူးအထွက်တိုးကြံမျိုးကို စိုက်ပျိုးခြင်းဖြင့် အရည်အသွေးပြည့်မီ၍ တစ်ဧကအထွက်နှုန်း တိုးတက်လာမှုကို ရှင်းလင်းပြသသည်။

ယင်းနောက် လေ့လာရေးအဖွဲ့ဝင်များသည် နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်နေသော သုတေသနစပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ရေးစိုက်ခင်းကိုလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာအနီး တစ်ဧကပျမ်းမျှတန် ၆၀ အထက်ထွက်ရှိနိုင်သည့် ကြံအထူးအထွက်တိုး ၁၀ဧက စိုက်ခင်းကိုလည်းကောင်း သွားရောက်လေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မွန်ပြည်နယ် ပြည်တွင်းအခွန်များဦးစီးဌာန လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

မော်လမြိုင် ဩဂုတ် ၅

ပြည်တွင်းအခွန်ဦးစီးဌာန (မွန်ပြည်နယ်)၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၂၇ ရက် နံနက် ၈ နာရီက မွန်ပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပခဲ့ရာ မွန်ပြည်နယ်အစိုးရအဖွဲ့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါက်တာခင်မောင်သွင်က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးတင်ထွန်းနိုင်က အခွန်ကောက်ခံမှုလုပ်ငန်းများနှင့် ရှေ့လုပ်ငန်းစဉ်များ ဆွေးနွေးပြောကြားပြီး မြို့နယ်အခွန်ဦးစီးဌာနမှူးများက အခွန်ကောက်ခံရရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုများ တင်ပြဆွေးနွေးခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ်အခွန်ဦးစီးဌာန)

ရွှေဖရုံသီးများ မိတ္ထီလာဈေးကွက်သို့ လှိုင်လှိုင်ဝင်ရောက်

မိတ္ထီလာ ဩဂုတ် ၅

မိတ္ထီလာ သီးနှံဈေးကွက်သို့ ပျဉ်းမနားမြို့နှင့် လယ်ဝေးမြို့ဘက်မှ ရွှေဖရုံသီးများ လှိုင်လှိုင်ဝင်ရောက်လာလျက်ရှိရာ ရွှေဖရုံသီးများကို မိတ္ထီလာဒေသခံများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနေရလျက်ရှိသည့်အပြင် မိတ္ထီလာဈေးကွက်မှ ကုန်သည်များက လက်လီလက်ကားအဖြစ် မလှိုင်၊ တောင်သာ၊ မြင်းခြံ၊ ကျောက်ပန်းတောင်း၊ ကူမဲ၊ မြစ်သား၊ မန္တလေးမြို့ရှိ ဈေးကွက်များသို့ တစ်ဆင့်ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း မိတ္ထီလာ ဖြိုးဝေဈေးတန်းတွင် ရွှေဖရုံသီးရောင်းချသူ ကုန်သည်တစ်ဦးက ပြောကြားသည်။

ရွှေဖရုံသီးများ၏ အသီးအရွယ်အစားနှင့်အရည်အသွေးပေါ်မူတည်ပြီး တစ်လုံးလျှင် ငွေကျပ် ၂၅၀မှ ငွေကျပ် ၇၀၀ အထိ ရောင်းချရပြီး ရွှေဖရုံသီးမှာ အာဟာရပြည့်ဝသည့် အသီးအနှံတစ်မျိုးဖြစ်ကာ ရက်သတ္တတစ်ပတ်မှ ၁၀ ရက်မျှအထိ မိသားစုဝမ်းစာအဖြစ် အိမ်တွင်သိမ်းဆည်းထားရှိ စားသုံးနိုင်သည့် သီးနှံဖြစ်သည်။

(အောက်ပုံ) (၄၃၅)



MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၆-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၆:၃၀ MRTV-4 သတင်း
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၈၇)
- ၇:၃၀ **FIFA U-20 WORLD CUP COLOMBIA 2011 (France Vs Mali) (Live)**
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၉)
- ၁၀:၂၀ MRTV-4 7th Anniversary Live Show [Day I (Part 5)]
- ၁၁:၁၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၁:၃၅ Activities in the City မောင်ကိုနီ(တရားရုံးချုပ်ရှေ့နေ)၏ လက်ဖွဲ့ရှင်ဘယ်သူလဲ စာအုပ်မိတ်ဆက်ပွဲ
- ၁၁:၅၀ ဆံကေသာဖန်တီးသူနှင့် တွေ့ဆုံစဉ်ခဏ
- ၁၂:၀၅ "ဝ"တာ တကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း (အပိုင်း-၁)
- ၁၂:၂၀ လွယ်ကူသက်သာစားစရာ ဆီးသီးယိုနှင့်သရက်အကြွပ်ယို
- ၁၂:၄၀ ချာန်ကြွနေသည့်အလား ရှင်တော်မြတ်အား ပူဇော်ပါ၏ဘုရား
- ၁၂:၅၅ **ပါရမီ တရားတော်** (ဆရာတော်ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ)
- ၁:၄၅ ဘွဲ့အမည်နာမတော်သုံးမျိုးနဲ့ ထင်ပေါ်ဘုရင်ညီနောင်ရတနာ လိုဏ်ဂူတော်
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ သွားမယ်စားမယ် (Sabai DMZ THAL RESTAURANT)
- ၂:၅၀ Activities in The City (Sweety 2011, Celebration Dinner & Lucky Draw Promotion)
- ၃:၀၅ နှစ် (၅၀) ပြည့် ရွှေရတုမင်္ဂလာ ရခိုင်သဟာယအသင်း (ရန်ကုန်)
- ၃:၂၀ Korea City of Seoul is ... Transportation
- ၄:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၂၉)
- ၄:၅၀ Movie Talk (ကြွေလွင့်ကြယ်ပွင့်များ) (အပိုင်း -၄) (ဒါရိုက်တာ-ကြည်စိုးထွန်း)
- ၅:၁၅ မဟာလောကသရဖူစေတီတော် မြတ်ကြီးရွှေထီးတော်သစ်နှင့် စိန်ဖူးတော်မြတ် အထွဋ်တင်လှူ ပူဇော်ပွဲအခမ်းအနား
- ၅:၃၀ ဂဏန်းသင်္ချာပျော်စရာ
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း -၈၈)
- ၇:၀၀ MRTV-4 7th Anniversary Live Show [Day I (Part-6)]
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ Kid's Show
- ၉:၀၀ VJ Choioce
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၃၀)
- ၁၀:၂၀ **FIFA U-20 WORLD CUP COLOMBIA 2011 (Uruguay Vs Cameroon) (DELAY)**
- ၁၂:၀၅ စိတ်ကူးတို့နှင့်မြမြင့်မိုရ်
- ၁၂:၂၅ ပဒုမ္မာကြာနွယ်ရိုးမှသည်...
- ၁၂:၄၀ ပြင်ဦးလွင်ရဲ့ ရွှေခြသေ့်
- ၁:၀၀ World of Knowledge (Inside Sumo Kids)
- ၁:၄၅ မှတ်မှတ်ရရရှိစေဖို့ ကယားဒေသဟင်းထုပ်
- ၂:၀၀ **FIFA U-20 WORLD CUP COLOMBIA 2011 (Colombia Vs Korea Republic) (DELAY)**
- ၃:၄၅ သဘာဝကပေးသော လက်ဆောင်များ
- ၃:၅၀ မြန်မာ့တူရိယာစည်တော်ကြီး
- ၄:၀၅ ဘဝဆည်းဆာအလှရှင်များ၏ နားခိုရာ
- ၄:၃၀ **FIFA U-20 WORLD CUP COLOMBIA 2011 (Ecuador Vs Costa Rica) (LIVE)**

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တောင်ပိုင်းဒေသများ၌ မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်း ဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မကွေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနေသည်။

ဩဂုတ် ၆ ရက် ညနေအထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်း ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်လ ဒုတိယသီတင်းပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်မှာ မန္တလေးတိုင်းဒေသကြီးတွင် နေရာကျဲကျဲနှင့် ရန်ကုန်တိုင်းဒေသကြီးတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရုပ်တုငယ်သုံးခု ဂျူနိုအာကာသယာဉ်ဖြင့် ဂျူပီတာဂြိုဟ်သို့ သယ်ဆောင်သွားခဲ့

နာဆာ ဩဂုတ် ၅

နာဆာမှ ဂျူနို (Juno) အမည်ရှိ အာကာသယာဉ်ဖြင့် ဂျူပီတာဂြိုဟ်ပေါ်သို့ ယင်းဂြိုဟ်၏ ရှေးဟောင်းဒဏ္ဍာရီကို ဖော်ညွှန်းသည့် ရုပ်တုငယ်သုံးခုကို သယ်ဆောင်သွားသည်။

ပြသ

အဆိုပါ ရုပ်တုငယ်သုံးခုမှာ ရောမနတ် ဂျူပီတာ (Roman God Jupiter)၊ ၄င်း၏ ဇနီး ဂျူနို (Juno)နှင့် အာကာသသိပ္ပံပညာရှင် ဂါလီလီယို ဂါလီလီ (Galileo Galilei)တို့ကို ကိုယ်စားပြုထားခြင်းဖြစ်သည်။ ထိုရုပ်တုများကို ဂျူပီတာဂြိုဟ်သို့ သယ်ဆောင်မသွားမီ ဩဂုတ် ၃ ရက်က နာဆာ၌ ပြသခဲ့သည်။ **(ယာပုံ)**

ယင်းရုပ်တုငယ်သုံးခုသည် အရွယ်အစားအားဖြင့် တစ်လက်မခွဲအရွယ်သာရှိကြသည်။ ၄င်းရုပ်တုသုံးခုကို ဂျူပီတာဂြိုဟ်ပေါ်သို့ သယ်ဆောင်သွားခြင်းသည် နာဆာနှင့် လီဂို (LEGO) ကုမ္ပဏီအုပ်စုတို့က ကလေးငယ်များအနေဖြင့် သိပ္ပံ နည်းပညာ၊ အင်ဂျင်နီယာ နည်းပညာနှင့် သင်္ချာပညာရပ်တို့ကို စူးစမ်းလေ့လာလိုက်စားနိုင်ရန် အားပေးသည့် ပညာရေးအစီအစဉ်တစ်ရပ်အဖြစ် ပူးပေါင်းဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။

ဂျူပီတာဂြိုဟ်သည် နေအဖွဲ့အစည်းအတွင်း ပဉ္စမမြောက်ဂြိုဟ်ဖြစ်သည်။ ဂြိုဟ်များအနက် အကြီးဆုံးဂြိုဟ်လည်းဖြစ်သည်။ အထက်ဖော်ပြပါ ရုပ်တုငယ်သုံးခုကို ဩဂုတ် ၅ ရက်တွင် နာဆာက ဂျူနိုအာကာသယာဉ်ဖြင့် ဂျူပီတာဂြိုဟ်ဆီသို့ သယ်ဆောင်သွားခဲ့ပြီဖြစ်သည်။ **(အင်တာနက်)**

လန်ဒန်မြောက်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား သေနတ်သမားသေဆုံး၊ ရဲအရာရှိဒဏ်ရာရရှိ

လန်ဒန် ဩဂုတ် ၅

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့မြောက်ပိုင်းတွင် ဩဂုတ် ၄ ရက်က သေနတ်ပစ်ခတ်ခံရသဖြင့် အမျိုးသားတစ်ဦး သေဆုံးပြီး ရဲအရာရှိတစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၅ ရက်၌ ပြောကြားသည်။ **(ဝဲပုံ)**

ပစ်ခတ်

အခင်းဖြစ်ပွားမှုမှာ ဖာရီလိန်းအရပ်တွင် သေနတ်သမားတစ်ဦးအား ပစ်ခတ်မှုရပ်ဆိုင်းရန် ရဲတပ်ဖွဲ့ကပြောကြားရာ ဆက်တိုက်ပစ်ခတ်နေသဖြင့် ၄င်းသေနတ်သမားအား ရဲတပ်ဖွဲ့က ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ သေနတ်သမား၏ ပစ်ခတ်မှုကြောင့် ရဲအရာရှိတစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ပြုလုပ်

ဒဏ်ရာရရှိသော ရဲအရာရှိအား ဆေးရုံသို့တင်ပို့ပေးထားပြီး ယခုဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ မျက်မြင်တွေ့ရှိသူများက ယင်းသေနတ်သမားအား ပစ်ခတ်မှုရပ်ဆိုင်းရန် ပြောကြားသော ရဲအရာရှိအား သေနတ်ဖြင့် လေးချက်ပစ်ခတ်ခဲ့ကြောင်း၊ ထို့ကြောင့် ရဲအရာရှိက ပစ်ခတ်ခဲ့သဖြင့် သေနတ်သမားသေဆုံးသွားခြင်း ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် – စုစည်းသည်

ဂျက်တိုက်လေယာဉ်တစ်စင်း အိန္ဒိယ၌ပျက်ကျ

နယူးဒေလီ ဩဂုတ် ၅

အိန္ဒိယလေတပ်မှ ဂျက်တိုက်လေယာဉ်တစ်စင်းသည် နိုင်ငံ၏မြောက်ပိုင်း ဥတ္တရပရာဒေ့ရှ်ပြည်နယ် ဂိုရက်ခါပူခရိုင်အရှေ့တောင်ပိုင်းတွင် ဩဂုတ် ၄ ရက်က ပျက်ကျခဲ့၍ လူသုံးဦးသေဆုံးခဲ့သည်။ ၄င်းဂျက်တိုက်လေယာဉ်သည် ဖာရီဇာပူဒေလီယာ ကျေးရွာ၌ပျက်ကျခဲ့ရာ လေယာဉ်မှူးအပါအဝင် လယ်ကွင်းထဲအလုပ်လုပ်နေသည့် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးပါ သေဆုံးခဲ့ရခြင်းဖြစ်သည်။ ***အမ်အင်န်အေ၊ဆင်ဟွာ***

တရုတ်မိုင်းတွင်းဟောင်း၌ ဓာတ်ငွေ့အဆိပ်သင့်မှုဖြစ်

ရှန်ယန်း ဩဂုတ် ၅

တရုတ်နိုင်ငံ လျောင်နင်းပြည်နယ်အရှေ့မြောက်ပိုင်းတွင် မိုင်းတွင်းဟောင်းတစ်ခု၌ ကာဗွန်မိုနော့ဆိုက်ဓာတ်ငွေ့အဆိပ်သင့်၍ ရွာသားခုနစ်ဦးသေဆုံးခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဩဂုတ် ၃ ရက် ညပိုင်းက ရွာသား ခြောက်ဦး ၄င်းမိုင်းတွင်းထဲဝင်ကြည့်ရာမှ သေဆုံးခြင်းဖြစ်ပြီး အပြင်တွင်စောင့် ကျန်ရစ်သူက ၄င်းအဖော်များ၏ တုံ့ပြန်သံမကြားသဖြင့် နောက်တစ်နေ့နံနက်ပိုင်းတွင် ဝင်ကြည့်ရာမှ ထိုသူလည်း ဓာတ်ငွေ့ရှူရှိုက်မိကာ သေဆုံးခဲ့ခြင်းဖြစ်သည်။ *(အင်တာနက်)*

ကရာချိ၌ အဆောက်အအုံပြိုကျ၊ ၁၀ ဦး သေဆုံး

အစ္စလမ္မာဘတ် ဩဂုတ် ၅

ပါကစ္စတန်နိုင်ငံ၏တောင်ပိုင်းဆိပ်ကမ်းမြို့ကရာချိတွင် ငါးထပ်အဆောက်အအုံတစ်လုံး ဩဂုတ် ၄ ရက် နံနက်က ပြိုကျခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့သည်။ အိမ်ထောင်စု ၁၅ စုနေထိုင်သည့် ယင်းအဆောက်အအုံမှာ နှစ် ၂၀ သက်တမ်းရှိနေပြီဖြစ်ပြီး အောက်ခြေအုတ်မြစ်တွင် ရေယိုစိမ့်မှုကြောင့် အက်ကြောင်းလိုက်ပြိုကျခြင်းဖြစ်သည်။ အပျက်အစီးများကြားရှိ လူ ၂၀ ကျော်အား ကယ်တင်နိုင်ရန် ကြိုးစားလျက်ရှိကြောင်း သိရသည်။ ***(အင်တာနက်)***

မှားယွင်းပစ်ခတ်မှုကြောင့် အီရတ်၌ နှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၅

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၏ မြောက်ပိုင်းတွင်ရှိသည့် ဆာလာဟူဒင်ပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ ဩဂုတ် ၅ ရက် နံနက်က စီးနင်းတိုက်ခိုက်မှုပြုရာတွင် မှားယွင်းပစ်ခတ်မှုကြောင့် ကလေးငယ်တစ်ဦးနှင့် အီရတ်ရဲဝန်ထမ်းတစ်ဦး သေဆုံးခဲ့ကြောင်း ဒေသရှိရဲဝန်ထမ်းများက ဆင်ဟွာသို့ ပြောကြားသည်။ *(အင်တာနက်)*

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

ရုရှားက ရိုကေ့ဒုံးပျံလွှတ်တင်မည်

မော်စကို ဩဂုတ် ၅

ရိုကေ့ဒုံးပျံကို ၂၀၁၁ ခုနှစ်ကုန်၌ အာကာသသို့လွှတ်တင်မှုများ ပြန်လည်ပြုလုပ်မည်ဖြစ်ကြောင်း ရုရှားအာကာသရေးရာအဖွဲ့မှ ထိပ်တန်းအရာရှိတစ်ဦးက ဩဂုတ် ၅ ရက်၌ ပြောကြားသည်။

လွှတ်တင်

အာကာသယာဉ်နှင့်ဂြိုဟ်တုများကို အာကာသသို့ သယ်ဆောင်ပေးရာတွင် အသုံးပြုသည့် ရိုကေ့ဒုံးပျံများ လွှတ်တင်မှုကို ပြီးခဲ့သည့် ဖေဖော်ဝါရီလက စတင်ပြီး ရုရှားက ရပ်ဆိုင်းထားခဲ့သည်။ ယင်းမှာ ဖေဖော်ဝါရီလက ဂျီရို-အိုင်ကေ-၂ ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ ရိုကေ့ဒုံးပျံဖြင့် လွှတ်တင်ခဲ့ရာတွင် အောင်မြင်မှုမရှိခဲ့၍ ဖြစ်သည်။

ရိုကေ့ဒုံးပျံသည် အလေးချိန် ၁၉၅၀ ကီလိုဂရမ်လေးသော အာကာသယာဉ်၊ ဂြိုဟ်တုနှင့်အခြားကုန်ပစ္စည်းများကို ကမ္ဘာ့ဂြိုဟ်ပတ်လမ်းအတွင်းသို့ သယ်ဆောင်သွားနိုင်သည်။ ရုရှားနိုင်ငံသည် ယခင်ကအသုံးပြုနေသော ကော့စ်မော့စ်ဒုံးပျံကို ၂၀၁၂ ခုနှစ်ကုန်၌ အသုံးပြုမှုရပ်ဆိုင်းတော့မည်ဖြစ်သည်။ ထို့အပြင် ရုရှားနိုင်ငံသည် အင်ဂါရာအမည်ရှိ ဒုံးပျံကို ၂၀၁၃ ခုနှစ်၌ စမ်းသပ်ပစ်လွှတ်ရန်အတွက် ကာဇက်စတန်ရှိ ဘိုင်ကိုနော အာကာသယာဉ်စခန်း၌ တပ်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။ ***(ယာပုံ)(အင်တာနက်)***

မသန့်ရှင်းသောအရက်သောက်သုံးသဖြင့် အီကွေဒေါ်၌ ၃၃ ဦးသေဆုံး

လော့စ်ရီရော့စ် ဩဂုတ် ၅

အီကွေဒေါ်နိုင်ငံတွင် မသန့်ရှင်းသောအရက်များ သောက်သုံးသဖြင့် သေဆုံးသူဦးရေမှာ ၃၃ ဦးအထိရှိသွားပြီဖြစ်ကြောင်း၊ ၄င်းအရက်များတွင် မက်သနောပါဝင်မှု လွန်ကဲနေသည်ကို တွေ့ရကြောင်း အီကွေဒေါ်အရာရှိများက ဩဂုတ် ၅ ရက်၌ ပြောကြားသည်။

လော့စ်ရီရော့စ်ပြည်နယ်တွင် ပြီးခဲ့သည့်သီတင်းနှစ်ပတ်က အရက်သောက်သုံးသူ ၂၀ ခန့် သေဆုံးခဲ့ပြီးနောက် စစ်ဆေးရာ အဆိုပါအရက်စည်များတွင် မက်သနောများအလွန်အကျွံပါဝင်နေကြောင်း တွေ့ရှိခဲ့ကြသည်။

အရက်သောက်သူ နောက်ထပ် ၁၃ ဦးသေဆုံးမှုကြောင့် အီကွေဒေါ်နိုင်ငံတစ်ဝန်း အဆိုပါအရက်များ ရောင်းချဖြန့်ဖြူးမှုကို ပိတ်ပင်ထားပြီး ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိသည်။ ယခုအခါ အီကွေဒေါ်နိုင်ငံတွင် ယင်းအရက်များ သောက်သုံးသူ ၁၀၃ ဦးမှာ ဆေးရုံ၌ ဆေးကုသမှုခံယူနေကြရသည်။ **(ဝဲပုံ)**

တွေ့ရှိရ

လော့စ်ရီရော့စ်မြို့တွင် ယင်းအရက်များထည့်ထားသည့် ကွန်တိန်နာ ၂၈ လုံးကို ရဲတပ်ဖွဲ့က သိမ်းဆည်းခဲ့သည်။ အချို့ကွန်တိန်နာများတွင် အခြားအဆိပ်ဖြစ်စေသည့် မက်သနောများတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ **(အင်တာနက်)**

မိုးမြင့်လင်းလက် – စုစည်းသည်

ထိုင်းနိုင်ငံမြောက်ပိုင်းသို့ မုန်တိုင်းတိုက်ခတ် ခုနစ်ဦးသေဆုံး၊ ရေလွှမ်းမှုများဖြစ်ပေါ်

ဗန်ကောက် ဩဂုတ် ၅

ထိုင်းနိုင်ငံမြောက်ပိုင်းတွင် နော့ခ်တန်းမုန်တိုင်း အဖျားခတ်တိုက်ခတ်မှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားပြီး ဩဂုတ် ၅ ရက်က ခုနစ်ဦးသေဆုံးခဲ့ကြောင်း ထိုင်းအရာရှိများက ပြောကြားသည်။

အဆိုပါ မုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးသည်းထန်ပြီး ရေလွှမ်းမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ ၁၂ ဦး ဒဏ်ရာရရှိခဲ့သည့်အပြင် လေးဦးပျောက်ဆုံးလျက်ရှိကြောင်း၊ နေအိမ်အများအပြားရေလွှမ်းခံရကြောင်း ထိုင်းနိုင်ငံသဘာဝဘေး ကာကွယ်တားဆီးရေးဌာနမှ သတင်းထုတ်ပြန်သည်။

၄င်းနော့ခ်တန်းမုန်တိုင်းသည် ဖိလစ်ပိုင်နိုင်ငံကိုလည်း ဝင်ရောက်တိုက်ခတ်ခဲ့ရာ ၆၆ ဦးသေဆုံးခဲ့ပြီး ၁၇ ဦး ပျောက်ဆုံးခဲ့သည်။ မုန်တိုင်းကြောင့် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်းခဲ့သည်။

တိုက်ခတ်နိုင်

ထိုင်းနိုင်ငံတွင် သေဆုံးသူနှင့် ပျောက်ဆုံးသူများမှာ ရေလွှမ်းမှု ***(အောက်ပုံ)****၊ မြေပြိုမှုနှင့် ပင်လယ်ပြင်၌ ငါးဖမ်း လှေနစ်မြုပ်မှုတို့ကြောင့်ဖြစ်ကြောင်း၊ ယင်းမုန်တိုင်းသည် ဗီယက်နမ်နိုင်ငံသို့လည်း ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း သတင်း၌ ဖော်ပြသည်။* ***(အင်တာနက်)***

မြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အင်္ဂလိပ်ဘာသာစကားကို များများပြော၊ များများရေး၊ များများဖတ် စဉ်ဆက်မပြတ် အရည်အသွေးတိုးတက်အောင် ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ကြီးမှူးဖွင့်လှစ်သည့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ် နေပြည်တော်သတင်းစာတိုက်ရှိ The New Light of Myanmar သင်တန်းခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးစိုးဝင်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး(သတင်း)၊ သတင်းစာတိုက်များမှ စာတည်းမှူးချုပ်များ၊ သင်တန်းနည်းပြများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ပုဂံမြို့သစ်သို့ သောက်သုံးရေတိုးချဲ့ပေးဝေနိုင်ရေးအတွက် ညောင်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၄ ရက်က လေးလက်မ ဂျီအိုင်ပိုက်အစား ခြောက်လက်မ ဂျီအိုင်ပိုက် လဲလှယ်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမျိုးအောင် ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြောကြား

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးဝင်းက အမှာစကားပြောကြားရာ၌ ယခုသင်တန်းကို ဌာနအနေဖြင့် များစွာအလေးထားဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပြင်ပနည်းပြများကိုပါ ခေါ်ယူ၍ ဝန်ထမ်းများ၏ အင်္ဂလိပ်စာအရည်အသွေး ပိုမိုတိုးတက်စေရန် လေ့ကျင့်ဆောင်ရွက်ပေးခဲ့ကြောင်း၊ သင်တန်းပြီးဆုံးသွားသော်လည်း စဉ်ဆက်မပြတ် ဆက်လက်လေ့ကျင့်သွားကြရန်လိုအပ်ကြောင်း၊ အင်္ဂလိပ်ဘာသာစကားကို များများပြော၊ များများရေး၊ များများနားထောင်၊ များများဖတ်ခြင်းဖြင့် စဉ်ဆက်မပြတ် အရည်အသွေးတိုးတက်အောင် ကြိုးပမ်းနေကြရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက သင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် The New Light of Myanmar သတင်းစာတိုက်မှ ဝန်ထမ်းများဖြစ်ကြသော ပထမဆုရ ဦးသက်ကိုကို၊ ဒုတိယဆုရ ဦးထင်ကျော်အေး၊ တတိယဆုရ ဦးဇော်ဇော်ရှိန်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက သင်တန်းနည်းပြများဖြစ်ကြသည့် မြန်မာ့အလင်းပုံနှိပ်တိုက် စာတည်းမှူးချုပ် ဦးတင်မောင်သန်း၊ မြန်မာ့သတင်းစဉ်(နိုင်ငံခြား) စာတည်းမှူးချုပ် ဒေါ်သန်းငွေးနှင့် The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်းတို့အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ကြာမြင့်

ယင်းသင်တန်းသို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ သင်တန်းသား သင်တန်းသူ ၂၄ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ မေ ၃၀ ရက်မှ ယနေ့အထိ ရက်သတ္တ ၁၀ ပတ်ကြာမြင့်ခဲ့သည်။ **(သတင်းစဉ်)**

ဂုဏ်ပြုလက်ဆောင်ပေးအပ်

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး အင်္ဂလိပ်ဘာသာကျွမ်းကျင်မှုသင်တန်းအမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲတွင် သင်တန်းနည်းပြ The New Light of Myanmar သတင်းစာတိုက် စာတည်းမှူးချုပ် ဦးသန်းမြင့်ထွန်းအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (သတင်းစဉ်)

သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရှေတိုက်ကိုစိုး

မောင်မောင်မြင့်ဆွေ - ရေးသားသည်

ကမ္ဘာ့အငယ်တန်းဘော်လီဘောပြိုင်ပွဲ အီရန်က ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိ

တီဟီရန် ဩဂုတ် ၅

ကမ္ဘာ့အငယ်တန်းဘော်လီဘောချန်ပီယံပြိုင်ပွဲကို ဘရာဇီးနိုင်ငံ နစ်တီရိုအီမြို့၌ ဩဂုတ် ၅ ရက်က ဆက်လက်ကျင်းပရာ အီရန်နှင့် ဘယ်လ်ဂျီယံတို့ပွဲတွင် အီရန်အသင်းက သုံးပွဲ-တစ်ပွဲဖြင့် နိုင်ပွဲရရှိခဲ့သည်။ (ယာပုံ)

အီရန်ဘော်လီဘောအသင်းသည် ဘယ်လ်ဂျီယံအသင်းကို ပထမပွဲငယ်၌ ၂၅ - ၂၀ မှတ်ဖြင့် နိုင်ပွဲရရှိခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ၂၃ -၂၅ မှတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။ သို့သော် တတိယပွဲငယ်တွင် အီရန်အသင်းက ၂၅ -၂၃ မှတ်ဖြင့် နိုင်ပွဲရရှိသည့်အပြင် စတုတ္ထပွဲငယ်၌လည်း ၂၅ - ၁၇ မှတ်ဖြင့် အနိုင်ရရှိခဲ့ရာမှ သုံးပွဲ-တစ်ပွဲဖြင့် ဘယ်လ်ဂျီယံအသင်းကို နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

အီရန်ဘော်လီဘောအသင်းသည် ယခင် နှစ်ပွဲကစားခဲ့ပြီးဖြစ်ရာ ပထမပွဲ၌ ကနေဒါအသင်းကိုရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲတွင် ဆားဘီးယားအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့် အီရန်အသင်းသည် နှစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် ဒုတိယအဆင့် ပတ်လည်ပြိုင်ပွဲသို့ တက်ရောက်နိုင်ခဲ့ပြီဖြစ်သည်။ ဒုတိယအဆင့်တွင် အမေရိကန်၊ စပိန်နှင့် ရုရှားအသင်းတို့ကို ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

(အင်တာနက်)

ယူ-၂၀ ကမ္ဘာ့ဖလား အာဂျင်တီးနားနှင့် ဘရာဇီးတို့နိုင်ပွဲရ

ဘာရန်ကွီ ဩဂုတ် ၅

အသက် ၂၀ အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကိုလံဘီယာနိုင်ငံ၌ ဩဂုတ် ၅ရက်က ဆက်လက်ကျင်းပရာ အုပ်စု (င)မှ ဘရာဇီးနှင့် ပနားမားတို့ပွဲတွင် ဘရာဇီးက လေးဂိုးပြတ်ဖြင့် နိုင်ပွဲရခဲ့သည်။ ထို့အတူ အုပ်စု(စ)မှအာဂျင်တီးနားနှင့်မြောက်ကိုရီးယားတို့ပွဲတွင် အာဂျင်တီးနားက သုံးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ***(အောက်ပုံ)***

အာဂျင်တီးနားနှင့် မြောက်ကိုရီးယားတို့ပွဲတွင် အာဂျင်တီးနားတို့က အကွက်စေ့စေ့၊ ထိုးဖောက်အားကောင်းကောင်းဖြင့် အသင်းလိုက်နားလည်မှုရှိစွာကစားခဲ့ရာ ပထမပိုင်း ပွဲချိန် ၃၆ မိနစ်၌ ဖာရေးယာက အာဂျင်တီးနားအတွက် အဖွင့်ဂိုး သွင်းယူပေးခဲ့သည်။

မြောက်ကိုရီးယားတို့ ချေပဂိုးမသွင်းနိုင်ဘဲရှိနေရာ ပွဲချိန် ၈၄ မိနစ်၌ အာဂျင်တီးနားမှ ဗီလာဖာနက်ဇ်က တစ်ဂိုးသွင်းယူခဲ့ပြီး မိနစ် ၉၀ ၌ လီယာဒိုက တစ်ဂိုးသွင်းယူခဲ့သဖြင့် အာဂျင်တီးနားတို့ သုံးဂိုးပြတ်ဖြင့်နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ အုပ်စု(စ)မှ မက္ကဆီကိုနှင့် အင်္ဂလန်တို့ပွဲတွင် ဂိုးမရှိသရေပွဲဖြစ်ခဲ့သည်။ အုပ်စု(င)မှ ဘရာဇီးနှင့် ပနားမားတို့ပွဲတွင် ဘရာဇီးတို့က လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ဘရာဇီးအသင်းအတွက်ဂိုးများကို မိနစ် ၄၀၌ ဟန်ရီကွီကတစ်ဂိုး၊ ၄၅ မိနစ်နှင့် ၅၂ မိနစ်တို့၌ ကောတင်ဟိုက တစ်ဦးတည်းနှစ်ဂိုးသွင်းယူခဲ့ပြီး ပွဲချိန် ၈၉ မိနစ်၌ ဒူဒူကတစ်ဂိုးသွင်းယူခဲ့သဖြင့် ဘရာဇီးတို့လေးဂိုးပြတ်အနိုင်ရရှိခဲ့ခြင်း ဖြစ်သည်။ တစ်ဖန် အုပ်စု(င)မှ အီဂျစ်နှင့် ဩစတြီးယားတို့ပွဲတွင် အီဂျစ်က လေးဂိုးပြတ်ဖြင့်အနိုင်ရရှိသွားခဲ့သည်။ ***(အင်တာနက်)***



ဗန်ဒါဆား၏ သားဖြစ်သူ ဂျိုး မန်ယူလူငယ်အသင်း၌ ဂိုးဖမ်းမည်

အမ်စတာဒမ် ဩဂုတ် ၅

နယ်သာလန်နှင့် မန်ယူအသင်း ဂိုးသမားဟောင်း ဗန်ဒါဆား၏သားဖြစ်သူ ဂျိုးသည် မန်ယူလူငယ်အသင်းတွင် ဂိုးသမားအဖြစ် ပါဝင်ကစားမည်ဖြစ်ကြောင်း ဗန်ဒါဆားက ဩဂုတ် ၅ ရက်၌ ထုတ်ဖော်ပြောကြားသည်။ **(အောက်ပုံ)**

အသက် ၄၀ အရွယ်ရှိ ဗန်ဒါဆားသည် ပြီးခဲ့သည့် မေ ၂၈ ရက်က မန်ယူနှင့် ဘာစီလိုနာအသင်းတို့၏ ချန်ပီယံလိဂ်ဗိုလ်လုပွဲတွင် နောက်ဆုံးပါဝင်ကစားခဲ့ပြီးနောက် ဘောလုံးကစားခြင်းမှ အနားယူသွားခဲ့သူဖြစ်သည်။

ဘောလုံးကစားခြင်းမှ အနားယူခြင်းအထိမ်းအမှတ်ပွဲကို နယ်သာလန်နိုင်ငံ အမ်စတာဒမ်မြို့၌ ဩဂုတ် ၄ ရက် မွန်းလွဲပိုင်းက ကျင်းပခဲ့သည်။ ဗန်ဒါဆားအတွက် ဂုဏ်ပြုပွဲအဖြစ် အသက် ၁၂ နှစ်အောက် အေဂျက်အသင်းနှင့် မန်ယူအသင်းတို့ ယှဉ်ပြိုင်ကစားသည့်ပွဲတွင် ဗန်ဒါဆား၏သားဖြစ်သူ အသက် ၁၂ နှစ်အရွယ်ရှိ ဂျိုးက မန်ယူအသင်းတွင် ဂိုးသမားအဖြစ် ပါဝင်ကစားခဲ့သည်။ ယင်းပွဲ၌ နှစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

(အင်တာနက်)

6-8 (05).pmd 1 8/6/2011, 3:08 AM

မြန်မာ့အလင်း ပြည်တွင်းအားကစား ပြည်တွင်းအားကစား ပြည်တွင်းအားကစား

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်အောင်နိုင်ရေး အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ထပ်မံရှာဖွေဖော်ထုတ်

ပြည်ထောင်စုဝန်ကြီးဦးတင့်ဆန်း (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ပြိုင်ပွဲအမျိုးအစားများနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများအား ရှင်းလင်းတင်ပြခြင်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ပြိုင်ပွဲ အမျိုးအစားများနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်း ကျင်းပမည့် အားကစားနည်းများနှင့် ပြိုင်ပွဲအမျိုးအစားများအား မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြခြင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစားဝန်ကြီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသား အားကစား ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း တက်ရောက်၍ အမှာစကား ပြောကြားရာတွင် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင် အောင်နိုင်ရေးနှင့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ ပြိုင်ပွဲတိုင်းပါဝင်ယှဉ်ပြိုင် အောင်နိုင်ရေးတို့အတွက် အလားအလာရှိသော မျိုးဆက်သစ်အားကစားသမားများ ထပ်မံရှာဖွေဖော်ထုတ်ရေး၊ ပြည်တွင်းပြည်ပနည်းပြများ၊ ခေတ်မီအားကစားနည်းစနစ်များဖြင့် ပြင်းပြင်းထန်ထန် စခန်းသွင်းလေ့ကျင့်ပေးရေး၊ ပြည်ပသို့ ပူးတွဲလေ့ကျင့်ရန်စေလွှတ်ရေး၊ လေ့ကျင့်မှု အခြေအနေများကို အကဲဖြတ်နိုင်ရန်နှင့် ပြိုင်ပွဲအတွေ့အကြုံကောင်းများ ရရှိစေရန်အတွက် ပြည်ပပြိုင်ပွဲများသို့ စေလွှတ်ယှဉ်ပြိုင်ရေး၊ ပြည်ပအားကစားအဖွဲ့များကို ပြည်တွင်းသို့ ဖိတ်ခေါ် ယှဉ်ပြိုင်စေရေး၊ နိုင်ငံတကာ အသိအမှတ်ပြုလက်မှတ်ရ ဒိုင်/ဂျူရီများ ရွေးချယ်လေ့ကျင့်ပေးရေးတို့နှင့် စပ်လျဉ်း၍ ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက စခန်းသွင်း လေ့ကျင့်နေကြသည့် အားကစားအဖွဲ့ချုပ် အသီးသီး၏ နည်းစနစ်ပိုင်းဆိုင်ရာများ၊ အားကစားသမားများ၏ စံချိန်စံညွှန်းများနှင့် အုပ်ချုပ်မှု၊ နေထိုင်စားသောက်မှုပိုင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အားကစားအဖွဲ့ချုပ် အသီးသီးရှိ တာဝန်ခံအရာထမ်းများက မိမိတို့ တာဝန်ယူထားရသည့် အားကစားနည်းအလိုက် ဆွေးနွေး တင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက်အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူတို့က ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်စွက် ရှင်းလင်းတင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး မွန်ပြည်နယ်အတွင်းရှိ အားကစားကွင်း/ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူသည် ဇူလိုင် ၂၉ ရက်တွင် မော်လမြိုင်၊ သထုံနှင့် ကျိုက်ထိုမြို့နယ်များရှိ ဘောလုံးကွင်းများနှင့် အားကစားရုံများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အားကစားဝါသနာရှင်များနှင့် ကျောင်းသားလူငယ်များကို အားကစားနည်းစနစ် မှန်ကန်စွာ သိရှိလေ့ကျင့်နိုင်ရေး လမ်းပြကူညီဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲနှင့် ဆီးဂိမ်းအတွက် နောက်ဆုံးလူရွေးပွဲ ဩဂုတ် ၁၇ ရက်တွင်စတင်မည်



ရန်ကုန် ဩဂုတ် ၅

*မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် **(MBxF)** ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲနှင့် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် နောက်ဆုံး လူရွေးပွဲကို ဩဂုတ် ၁၇ ရက်မှ ၂၁ ရက်အထိ သိမ်ဖြူအားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။*

ချီးမြှင့်မည်

အဆိုပါပြိုင်ပွဲတွင် အမျိုးသားသက်ငယ်တန်းနှင့် အလွတ်တန်း၊ အမျိုးသမီး အလွတ်တန်းဟူ၍ သတ်မှတ်ထားပြီး အတန်းတိုင်း၌ ဝိတ်တန်းအလိုက် ပထမဆု ကျပ်တစ်သိန်းငါးသောင်း၊ ဒုတိယဆု ကျပ်တစ်သိန်းနှင့် တတိယဆု ကျပ်ငါးသောင်းစီ ချီးမြှင့်မည် ဖြစ်သည်။ ထို့ပြင် အတန်းတိုင်း၌ အကောင်းဆုံးလက်ဝှေ့သမားတစ်ဦးစီ ရွေးချယ်၍ ကျပ်သုံးသိန်းစီ ချီးမြှင့်ပေးသွားမည် ဖြစ်သည်။

လာရောက်သတင်းပို့

ဩဂုတ် ၁၆ ရက် နံနက်ပိုင်းတွင် ဆေးစစ်၊ ကိုယ်အလေးချိန် ချိန်ခြင်းပြုလုပ်၍ ပွဲစဉ်ဇယားများ ရေးဆွဲသွားမည်ဖြစ်ရာ ပြိုင်ပွဲဝင်မည့် လက်ဝှေ့အဖွဲ့များ အနေဖြင့် ဩဂုတ် ၁၄ ရက်ထက်မစော၊ ၁၅ရက်ထက် နောက်မကျစေဘဲ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရုံးသို့ လာရောက်သတင်းပို့ကြရန်ဖြစ်ကြောင်း သိရှိရသည်။
(မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်)

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၅

၂၀၁၁ ခုနှစ် ပဉ္စမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပရာ အမှတ်(၂)နေပြည်တော် အားကစားကွင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းကို ခြောက်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းက ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

ဩဂုတ် ၆ ရက် ပွဲစဉ်များအဖြစ် အမှတ်(၂) နေပြည်တော်အားကစားကွင်းတွင် (ခခ)အုပ်စုမှ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်း၊ နေပြည်တော်လယ်ဝေးအားကစားကွင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ နိုင်ငံတကာဂီတ

အဆိုတော် သရုပ်ဆောင်ဂျင်နီဖာလိုပက်ဇ် ရင်တွင်းခံစားချက်များ ဖွင့်ဟ

မြင့်မောင်စိုး ရေးသားသည်

နယူးယောက် ဩဂုတ် ၅

*ကမ္ဘာကျော်အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင် ဂျင်နီဖာလိုပက်ဇ် (Jennifer Lopez) **(အပေါ်ပုံ)**ဟာ ခင်ပွန်းဖြစ်သူ မတ်(စ်)အန်ထော်နီ (Marc Anthony) နဲ့ ခုနစ်နှစ်ကြာလက်ထပ်ပေါင်းသင်းခဲ့ပြီး မမျှော်လင့်ဘဲလမ်းခွဲခဲ့ရသော်လည်း အချစ်အတွက် အသက်ဆက်ရှင်နေဦးမှာဖြစ်တယ်လို့ သူမက ဗာနတီဖဲ (Vanity Fair) မဂ္ဂဇင်းကို ပြောကြားလိုက်ပါတယ်။*

ပြီးခဲ့တဲ့လ စောစောပိုင်းက နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးနောက် အဆိုတော် ဂျင်နီဖာလိုပက်ဇ်က ပထမဆုံးအကြိမ် သူမရဲ့ အိမ်ထောင်ရေးခံစားချက်နဲ့ ပတ်သက်လို့ ထုတ်ဖော်ပြောကြားလိုက်တာပါ။

"ကျွန်မက အချစ်နဲ့ပတ်သက်ပြီး ထာဝရ အကောင်းမြင်တတ်တဲ့သူပါ။ အချစ်ဟာ ကျွန်မရဲ့အကြီးမားဆုံးအိပ်မက်ပါပဲ၊ ကျွန်မတို့နှစ်ယောက်စလုံး လမ်းမခွဲမီမှာ ဆက်ဆံရေးအကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ကြပါသေးတယ်။ ဒါပေမယ့် ဘယ်လိုမှ မတတ်နိုင်တဲ့အဆုံး လမ်းခွဲခဲ့ကြတာပါ။ မတ်(စ်)ကိုတော့ အဆိုတော်တစ်ယောက်အနေနဲ့ရော၊ သရုပ်ဆောင်ကောင်းတစ်ယောက်အနေနဲ့ပါ ကျွန်မအမြဲတမ်း လေးစားသွားမှာပါ" ဟု အဆိုတော် ဂျင်နီဖာလိုပက်ဇ်က ရင်တွင်းခံစားချက်တွေကို ဖွင့်ဟပြောဆိုလိုက်ပါတယ်။

"ပြီးတော့ မက်(စ်)နဲ့ကျွန်မ ခုနစ်နှစ်ကြာပေါင်းသင်းခဲ့ကြပြီး အမြွှာကလေးနှစ်ယောက်ရခဲ့ပါတယ်။ သူတို့ကို မက်(စ်) (Max) နဲ့ အမ်မီ (Emme)လို့ ခေါ်ပါတယ်။ ယခုသူတို့နှစ်ယောက်စလုံးကျွန်မနဲ့အတူနေကြပါတယ်။ ကျွန်မဟာသူတို့ရဲ့ မိခင်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ ရှေ့ဆက်ပြီး စိန်ခေါ်မှုအသစ်တွေနဲ့ ရင်ဆိုင်ရဦးမှာပါ" ဟု အသက် ၄၂ နှစ်အရွယ်ရှိပြီဖြစ်တဲ့ အမေရိကန်ပေါ့ပ် အဆိုတော်နဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်သူ ဂျင်နီဖာလိုပက်ဇ်က မဂ္ဂဇင်းကို ဆက်လက်ပြောကြားခဲ့ပါတယ်။ ဂျင်နီဖာလိုပက်ဇ်နဲ့ မက်(စ်)အန်ထော်နီတို့ဟာ မိတ်ဆွေဟောင်းတွေဖြစ်တဲ့ အိုဂျာနီနီယာနဲ့ တေးရေးဆရာအက်ဒ်မီယာတို့ထံမှ ဒေါ်လာ ၁၀သန်းအကြွေးရလိုမှုနဲ့စကားများကြရာက မမျှော်လင့်ဘဲလမ်းခွဲလိုက်ကြတာလို့သိရပါတယ်။

သူမဟာ ရုပ်ရှင်နဲ့ ဂီတနယ်ပယ်နှစ်ရပ်စလုံးမှာ လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့တဲ့သူပါ။ ပြီးတော့ ဂီတနဲ့ရော ရုပ်ရှင်နဲ့ပါ ထူးချွန်ဆုတွေရရှိထားတဲ့ အနုပညာရှင်တစ်ယောက်လည်း ဖြစ်ပါတယ်။ အိမ်ထောင်ရေးအဆင်မပြေခဲ့ပေမယ့် သူချစ်တဲ့ပရိသတ်တွေအတွက် အကောင်းဆုံး ဖျော်ဖြေနေဦးမှာလို့ ဆိုပါတယ်။ ။

ကိုးကား-အင်တာနက်

GIS နည်းပညာရပ်ဆိုင်ရာ သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၅

ပထဝီမြေပြင်နေရာ သတင်းအချက်အလက်နည်းပညာ (GIS) နှင့် ပတ်သက်၍ Basic Level နှင့် Intermediate Level သင်တန်းများကို Ocean Gate သင်တန်းကျောင်းတွင် ဖွင့်လှစ်သင်ကြားမည်ဖြစ်ရာ GIS Application များနှင့် ဆက်စပ်ပြီး Google Earth ကို Powerful Tool တစ်ခုအဖြစ် ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရန်အတွက် Basic Level အဖြစ် Google Earth and Geospatial Technology ကို သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းတွင် Introduction to GIS & ArcGIS software, Expert usages of Google Earth Pro and KML files, Data Integration between GIS and Google Earth, Data Capture in GIS, Setting up a GIS Database, Map Presentation, Introduction to RS(Remote Sensing), Spatial Data Analysis, Data Interoperability in GIS, Data Presentation and Map Production ဘာသာရပ်များကို သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

ဆက်သွယ်စုံစမ်းနိုင်

သင်တန်းကို ဩဂုတ်လလယ်တွင် စတင်မည်ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ရာ အသေးစိတ်သိရှိလိုပါက Ocean Gate Training Centre တည်ရှိရာ အမှတ် ၃၅၅ အခန်း ၂၀၆ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၃၀၊ ၀၉-၉၀၆၁၃၂၅ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပလောက်မြို့အဝင် ဆိုင်းဘုတ်ဝန်းကျင်တွင် ပေါင်းမြက်ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ပန်းအလှပင်များ ပြုပြင်ခြင်းလုပ်ငန်းကို ဇူလိုင် ၂၆ရက်က မြို့နယ်တာဝန်ခံ ဦးဟုန်စိုးနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးကျော်စိုးထွေးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ငွေစုငွေချေး သမဝါယမအသင်း ကျောက်မဲ၌စည်းဝေး

ကျောက်မဲ ဩဂုတ် ၅

ကျောက်မဲမြို့နယ် အမှတ်(၂) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇူလိုင် ၂၄ ရက်က မေတ္တာမွန်ခန်းမ၌ ကျင်းပရာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးအေးကြူနှင့် မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိ ဒေါ်လှလှတင့်တို့က အမှာစကားပြောကြားပြီး ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အလုပ်အမှုဆောင် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းအတွင်းရေးမှူး ဦးဘသိန်းနှင့် အသင်းသားစာရင်းစစ် ဦးတင့်ဝေတို့က ဖတ်ကြားတင်သွင်းကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားရှိသော အခမဲ့ဘိုးဘွားဆေးခန်းသို့ အမှတ်(၂) ငွေစုငွေချေး သမဝါယမအသင်းလီမိတက်က အလှူငွေကျပ် တစ်သိန်းနှင့် စေတနာရှင်ပြည်သူများက အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းကြရာ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဝေဝေသန်းက လက်ခံယူပြီး **(အောက်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲ ဇီးကုန်း၌ကျင်းပ

ဇီးကုန်း ဩဂုတ် ၅

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့နယ်၌ ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက မိုးရာသီသစ်ပင် စိုက်ပျိုးပွဲကို ဇီးကုန်း-ထန်းတပင်-ကံကလေး လမ်းတွင် ကျင်းပသည်။ **(အပေါ်ပုံ)**

စုပေါင်းစိုက်ပျိုး

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားသို့ ဇီးကုန်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထူးခိုင်၊ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကျွန်း၊ ယူကလစ်၊ မဟော်ဂနီ၊ ယမနေ၊ ခရေ၊ ကံ့ကော်၊ ပိတောက်၊ ပျဉ်းမ၊ ငုစပ် စသည့် ပျိုးပင်ပေါင်း ၂၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တွံတေးမြို့ အိုးဘိုရပ်ကွက် ဘုရင့်နောင်လမ်းနေ ဦးစံ မိသားစုက ဒေါ်တင်အေးအား ရည်စူး၍ တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာတွင် တည်ဆောက်လျက်ရှိသော ဘိုးဘွားများဆေးကုသဆောင်အတွက် ငွေကျပ်သုံးသိန်းကို ဇူလိုင် ၁၅ ရက်က လှူဒါန်းရာ ဘိုးဘွားရိပ်သာအလုပ်အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း လက်ခံယူစဉ်။ (၀၀၉)

မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသ

ကျိုင်းတုံ ဩဂုတ် ၅

မျက်စိဝေဒနာရှင်များအား အခမဲ့ကွင်းဆင်းကုသခြင်းကို ဇွန် ၃၀ ရက်မှ ဇူလိုင် ၃ ရက်အထိ ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှပါမောက္ခဒေါက်တာ ဦးတင်ဝင်း၊ ကျန်းမာရေးဦးစီးဌာန မျက်ခမ်းစပ်နှင့် မျက်မမြင်ကာကွယ်ရေး စီမံကိန်း ဒုတိယညွှန်ကြားရေးမှူး မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာခင်ငြိမ်းလင်းတို့ ဦးဆောင်သော မျက်စိအထူးကုဆရာဝန်များ၊ သူနာပြုဆရာမများ၊ မျက်မှန်ကျွမ်းကျင်သူအဖွဲ့ဝင် ၃၂ ဦး ပါဝင်သော အထူးကုအဖွဲ့က ကျိုင်းတုံ ပြည်သူ့ဆေးရုံကြီးတွင် ဆောင်ရွက်ပေးကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ခေတ်မီမိုက်ခရိုစကုတ် ခုနစ်ခုဖြင့် အသုံးပြုဆောင်ရွက်ရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်း၊ မိုင်းပျဉ်း မိုင်းဖြတ်၊ မိုင်းယောင်း၊ တာချီလိတ်၊ မိုင်းဆတ်ဒေသများမှ မျက်စိဝေဒနာရှင် လူနာပေါင်း ၂၀၆၆ ဦးတို့အား မျက်စိကျန်းမာရေးစစ်ဆေးပေးပြီး **(အောက်ပုံ)** မျက်မှန်စမ်းသပ်လူနာ ၉၇၈ ဦး၊ မျက်မှန်တပ်ဆင်ပေးလူနာ ၃၀၀၊ မျက်စိခွဲစိတ်လူနာ ၁၉၄ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုများပေးခဲ့ကြကြောင်း သိရှိရသည်။ **(ပြည်နယ် ပြန်/ဆက်)**

ဒေသစိမ်းလန်းစိုပြည်ရေး တောင်သာ၌ စုပေါင်းသစ်ပင်စိုက်ပျိုး

တောင်သာ ဩဂုတ် ၅

တောင်သာမြို့ ဒေသစိမ်းလန်းစိုပြည်ရေး၊ တောင်သာတောင်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် တောင်သာတောင်တန်းပေါ်၌ သစ်မျိုးစေ့မြှုပ်နှံစိုက်ပျိုးပွဲကို ဇူလိုင် ၂၃ ရက် နံနက်က ကျင်းပရာ **(အောက်ပုံ)** မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အတွင်းရှိ ဌာနတာဝန်ခံများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ခြောက်ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများက တစ်ဦးလျှင် သစ်မျိုးစေ့ နို့ဆီဘူး တစ်ဘူးနှုန်းဖြင့်ကန္တာရ၊ တမာ၊ မန်ကျည်း သစ်မျိုးစေ့ စုစုပေါင်း သုံးတင်း ရှစ်ပြည် ခုနစ်ဘူး မြှုပ်နှံစိုက်ပျိုးခဲ့ကြသည်။

ကြပ်မတ်ဆောင်ရွက်

အဆိုပါ သစ်မျိုးစေ့မြှုပ်နှံစိုက်ပျိုးပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး၊ မန္တလေးတိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှူး၊ ခရိုင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနမှူး၊ ခရိုင်သစ်တောဦးစီးဌာနမှူးတို့ တက်ရောက်အားပေးခဲ့ကြပြီး သစ်မျိုးစေ့မြှုပ်နှံမှု စနစ်တကျရှိစေရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ပေးခဲ့ကြကြောင်းသိရှိရသည်။ **(သစ်တောဦးစီး)**

မြဝတီရုပ်မြင်သံကြား

၆-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၄ ၃။ နိုင်ငံတော်သီချင်း
၇:၀၅ ၄။ တရားတော်
၇:၂၀ ၅။ ဓမ္မပူဇာတေး
၇:၂၅ ၆။ မျိုးချစ်တပ်မတော်
၇:၃၀ ၇။ မြန်မာ့ရှုခင်း
၇:၄၀ ၈။ မြန်မာသံစဉ်ချိုနှားဝင်
၇:၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ မြဝတီအဖွင့်
၁၁:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၁၁:၁၀ ၃။ နိုင်ငံတော်သီချင်း
၁၁:၁၅ ၄။ အဖွင့်သီချင်း
၁၁:၂၀ ၅။ မျိုးချစ်တပ်မတော်
၁၁:၂၅ ၆။ ကာတွန်းအစီအစဉ် **ဟင်နရီရဲ့အိပ်မက်** (အပိုင်း-၁)
၁၂:၀၀ ၇။ ရုပ်မြင်သံကြားဇာတ်လမ်း **ရင်ခွင်တံခါး** မြင့်မြတ်၊ စိုးမြတ်သူဇာ၊ (ဒါရိုက်တာ-ကုသိုလ်)
၁၃:၃၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၁၄:၀၀ ၉။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောနှလုံးသား**(အပိုင်း-၄)

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၀၃ ၃။ နိုင်ငံတော်သီချင်း
၄:၀၆ ၄။ အဖွင့်သီချင်း
၄:၁၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၀ ၆။ ကျန်းမာကြံ့ခိုင် တို့နိုင်ငံ
၄:၂၅ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၄:၃၀ ၈။ ချစ်သူစုံတွဲ တူယှဉ်တွဲ
၄:၄၀ ၉။ သန့်စွာကိုင်လေ စက္ကူငွေ
၄:၅၀ ၁၀။ လျှပ်တစ်ပြက်
၅:၁၀ ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၃၀ ၁၂။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ စားဖို့ဆောင်ချစ်သူ
၆:၄၀ ၁၆။ ထူးခြားဆန်းပြားကမ္ဘာတစ်လွှား
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဘဝရဲ့တမ်းတခြင်း**(အပိုင်း-၁၂)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ လူရွှင်တော်စတား
၂၃။ အင်္ဂလိပ်စာသုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း -၂၇)
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အိမ်အပြန်လမ်း** (အပိုင်း-၇၀)

မြန်မာ့အလင်း သတင်းအတိုအထွာ ၅-၈-၂၀၁၁

ပုသိမ်ကြီး၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် မြနန္ဒာကျေးရွာ ကွင်းအမှတ်(၄၅၀) တောင်သူ ဦးကြည်ဆွေ၏ လယ်မြေတွင် မနောသုခမျိုးစေ့ချပြီး သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်း သရုပ်ပြပွဲကို ဇူလိုင် ၂၈ ရက် နံနက်က ကျင်းပသည်။ အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့ဝင်များက ပျိုးပေါင်ပေါ်တွင် သိပ္ပံနည်းကျ မျိုးစေ့ချပျိုးထောင်ပြသပေးကြပြီးနောက် မြနန္ဒာအဆင့်မြင့်လယ်ယာမြေရှင်းလင်းဆောင်တွင် တိုင်းဒေသကြီးစိုက်ပျိုးရေး မန်နေဂျာဦးအောင်သန်းက စပါးတစ်ဧက တင်း ၁၀၀ နှုန်းအထက် ထွက်ရှိရန် လိုက်နာလုပ်ဆောင်ရမည့် သိပ္ပံနည်းကျစိုက်နည်းစနစ် (၁၄) ချက်ကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်၌ သိပ္ပံနည်းကျ ပေါင်စနစ်ဖြင့် စပါးစိုက်ပျိုး

ပြင်ဦးလွင်မြို့နယ် ဝက်ဝံကျေးရွာအုပ်စု မြိုင်ကြီးကျေးရွာ တောင်သူများ၏ လယ်မြေ ၁၀ ဧကတွင် ဆင်းရွှေဝါစပါးမျိုးဖြင့် သိပ္ပံနည်းကျပေါင်ပျိုးစနစ်အသုံးပြု စပါးစိုက်ပျိုးပွဲကို ဇူလိုင် ၃၀ ရက် နံနက်က ကွင်းအမှတ် (၇၀၁) တောင်သူ ဦးတင်ထွန်း၏ လယ်မြေနှစ်ဧကတွင် ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းနှင့် မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများက လက်တွေ့သရုပ်ပြစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ (၀၃၂)

အခွန်ဆိုင်ရာသိကောင်းစရာများ မြောက်ဦး၌ ရှင်းလင်းဆွေးနွေး

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြောက်ဦးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက အခွန်ဆိုင်ရာသိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို ဇူလိုင် ၉ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆန်းမြင့်ဦးက အခွန်ဆိုင်ရာ သိကောင်းစရာများ၊ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်များနှင့်ပတ်သက်၍ ထားရှိရမည့် စာရင်းဇယားများ၊ ဝင်ငွေခွန်ကြေညာလွှာတင်သွင်းခြင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်အခွန်ဦးစီးဌာန)**

ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ခန္တီးမြို့၌ အလုပ်ရုံဆွေးနွေး

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဇူလိုင် ၁၁ ရက် နံနက်က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပသည်။ အခမ်းအနားတွင် တက်ရောက်လာကြသောဒေသခံပြည်သူများက သိလိုသည်များကိုမေးမြန်းရာ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးမှူးဦးဌေးဦးက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီးနောက် တက်ရောက်လာကြသူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(ခရိုင် ပြန်/ဆက်)

မိတ္ထီလာတွင် နွေစပါးစံကွက်ရိတ်သိမ်း

စပါးအထွက်နှုန်းမှန်ကန်ရေး နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ဩဂုတ် ၁ ရက် နံနက်က မိတ္ထီလာမြို့နယ် ညောင်ကိုင်းကျေးရွာ ကွင်းအမှတ် (၈၅၄) တောင်သူ ဦးဝင်းလှိုင်၏ ရွှေသွယ်ရင်စပါးမျိုး စိုက်ခင်း ၁၀ ဧကတွင် ကျင်းပသည်။ အဆိုပါ ရိတ်သိမ်းပွဲတွင် မြို့နယ်စိုက်ပျိုးရေး ဝန်ထမ်းများနှင့် မြေစာရင်းဦးစီးဌာနမှဝန်ထမ်းများ စုပေါင်းပြီး နွေစပါးစံကွက်ကို ရိတ်သိမ်းခြွေလှေ့ခဲ့ရာ စပါးအထွက်နှုန်း တစ်ဧက ၁၄၈ ဒသမ ၂၃ တင်း ထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(၄၀၇)**

မိုးညှင်းမြို့နယ်၌ စုပေါင်းသစ်ပင်စိုက်ပျိုး

ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီက ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ်အေး ဦးဆောင်လျက် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများက ရတနာတန်းဝင် ကျွန်းပင်များ၊ အရိပ်ရသစ်ပင်များ၊ သီးပင်စားပင်များနှင့် ပန်းအလှပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ *(မြန်မာ့အလင်း)*

ညောင်ရွှေမြို့နယ်၌ တောင်သူများအား ချေးငွေထုတ်ပေး

ညောင်ရွှေမြို့နယ် တောင်ပိုကြီးကျေးရွာအုပ်စု လွယ်ငြိမ့်ကျေးရွာ၌ ဩဂုတ် ၁ ရက်နံနက်က ဒေသခံတောင်သူများ အစုအဖွဲ့ပိုင်ဧက ၆၀၀ အတွက် သမဝါယမ ဦးစီးဌာနမှ အသေးစားချေးငွေထုတ်ပေးခြင်း အခမ်းအနားကျင်းပသည်။ အခမ်းအနားတွင် ရှမ်းပြည်နယ် သမဝါယမဦးစီးဌာနမှ လွယ်ငြိမ့်ကျေးရွာဒေသခံတောင်သူများသို့ တစ်ဦးလျှင်ငွေကျပ် ၈၀၀၀၀ နှုန်းဖြင့် ငွေကျပ် သိန်း ၄၀ ကို ထုတ်ပေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ထီးချိုင့်မြို့နယ်၌ မူလတန်းကျောင်းခွဲဖွင့်

ထီးချိုင့်မြို့နယ် ရေဝကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာ၌ အခြေခံပညာမူလတန်းကျောင်းခွဲ ဖွင့်ပွဲနှင့် ကျောင်းဆောင်လွှဲပြောင်းပေးအပ်ပွဲကို အဆိုပါ ကျောင်းဆောင်ရှေ့၌ ဇူလိုင် ၇ ရက်က ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်ညွန့်၊ မြို့နယ်ပညာရေးမှူး ဒေါ်တင့်ရွှေ၊ ကျောင်းအကျိုးတော်ဆောင် ဦးထွန်းမြင့်နှင့် ဦးစိုးမိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ပညာရေးပဒေသာပင်အတွက် အလှူငွေကျပ် သုံးသိန်းကို အလှူရှင်များကိုယ်စား ဂရိတ်ဝေါကုမ္ပဏီမှ အထွေထွေမန်နေဂျာ ဦးမောင်ဝင်းက ပေးအပ်လှူဒါန်းရာ ကျောင်းကော်မတီဝင် ဦးစိုးဝင်းက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ *(မြို့နယ် ပြန်/ဆက်)*

ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဂျပန်နိုင်ငံနှင့် ယူနီဆက်မှ ဧည့်သည်များ သီးခြားစီ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးဌာန နိုင်ငံတကာရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Kazuo Sunagaသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ (ယာပုံ)

လာရောက်တွေ့ဆုံ

အလားတူ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်လှမင်းအား ယူနီဆက်မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် Mr.Ramesh Shrestha သည် မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံပွဲများတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးအောင်သော် တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

e-Government အသုံးချကွန်ပျူတာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဆင်းပွဲ ကျင်းပ

အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် e- Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ်(၂/၂၀၁၁)နှင့် အင်္ဂလိပ်စာအခြေခံသင်တန်းအမှတ်စဉ်(၂/၂၀၁၁)ဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၅

အလုပ်သမားဝန်ကြီးဌာနတွင် ဇူလိုင် ၄ရက်မှ ဩဂုတ် ၅ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် e-Government အသုံးချကွန်ပျူတာသင်တန်း အမှတ်စဉ် (၂/၂၀၁၁)နှင့် ဇွန် ၁၃ ရက်မှ ဩဂုတ် ၅ ရက်အထိ ဖွင့်လှစ်သင်ကြားခဲ့သည့် အလုပ်သမားရေးရာ အင်္ဂလိပ်စာ အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၁၁) ဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အလုပ်သမားဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာနနှင့်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဆင်းပွဲတွင်ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး သင်တန်းအလိုက် ထူးချွန်စွာ အောင်မြင်ခဲ့သူများအား ဆုချီးမြှင့်၍ ဗဟိုဝါဏိဇ္ဇပဋိပက္ခမှု ကော်မတီရုံး ညွှန်ကြားရေးမှူးချုပ်က သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

e-Government အသုံးချကွန်ပျူတာ သင်တန်းအမှတ်စဉ်(၂/၂၀၁၁)တွင် သင်တန်းသား သင်တန်းသူ ၁၄ ဦး၊ အလုပ်သမားရေးရာ အင်္ဂလိပ်စာ အခြေခံသင်တန်းအမှတ်စဉ်(၂/၂၀၁၁)တွင် သင်တန်းသား သင်တန်းသူ ၁၉ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အလုပ်သမားဝန်ကြီးဌာနတွင် ဝန်ထမ်းများအနေဖြင့် အပြည့်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု တိုးတက်စေရန်နှင့် e-Government လုပ်ငန်းစဉ်များကို ထိရောက်လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ကွန်ပျူတာသင်တန်းများကို ၂၀၀၈ခုနှစ်မှစတင်၍ အမှုထမ်း (၉)ကြိမ် ၁၈၀ဦး၊ အရာထမ်း(၆)ကြိမ် ၈၂ ဦး ပေါင်း ၂၆၂ဦးနှင့်အင်္ဂလိပ်စာ သင်တန်းများ အနေဖြင့် အမှုထမ်း (၄)ကြိမ် ၇၈ဦး၊ အရာထမ်း (၃)ကြိမ် ၃၉ ဦး ပေါင်း၁၁၇ ဦးတို့အားလုပ်ငန်းခွင်မပျက်သင်တန်းများ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်ဖွင့်ပွဲ ပျဉ်းမနား၌ကျင်းပ

ပျဉ်းမနား ဩဂုတ် ၅

၂၀၁၁ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်နှင့် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်ဖွင့်ပွဲကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားတွင် နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားရေးလုပ်ငန်းကော်မတီအတွင်းရေးမှူး ပျဉ်းမနားမြို့ ခုတင် (၂၀၀) ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာလှလှကြည်က အာဟာရဖွံ့ဖြိုးရေးနှင့် မိခင်နို့တိုက်ကျွေးခြင်း၏ အာဟာရနှင့် ပတ်သက်သည်များကို ရှင်းလင်း ပြောကြားသည်။ ထို့နောက် နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် ဧည့်သည်တော်များက အသက်ခြောက်လမှ ငါးနှစ်အောက်ကလေးများအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား သံဓာတ်ဆေးပြားများ၊ ဗီတာမင်ဘီဝမ်းဆေးပြားများနှင့် အာဟာရဖြည့်အစားအစာများ ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ (၄၀၄)

မြန်မာ့စီးပွားရေးဘဏ် ရန်ကုန်တိုင်းဒေသကြီးရုံး၌ ဩဂုတ် ၁ရက်က ဘဏ်လုပ်ငန်းဆိုင်ရာ သင်တန်းအမှတ်စဉ် (၁/၂၀၁၁)ဖွင့်ပွဲကျင်းပရာ အခမ်းအနားတွင် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးစံသောင်း အမှာစကားပြောကြားစဉ်။ (မြန်မာ့အလင်း)

✻ ရှေ့ဖုံးမှ

ယနေ့ဖွင့်လှစ်လိုက်သည့် ဘောဂသိဒ္ဓိဆေးရုံတွင် ပြင်ပလူနာဌာန၊ အတွင်းလူနာဌာန၊ ခွဲစိတ်ခန်းသုံးခန်း၊ မီးယပ်နှင့် သားဖွားခန်း၊ ရောဂါရှာဖွေရေးဆိုင်ရာ ဓာတ်ခွဲခန်းနှင့် ဓာတ်မှန်ဖြင့် ရောဂါရှာဖွေခြင်း (X.Rays & Ultrasounds)တို့ ပါရှိပြီး အထွေထွေနှင့်အထူးကုလူနာ စောင့်ရှောက်မှု၊ အထွေထွေရောဂါ၊ ဆီးနှင့်ကျောက်ကပ်၊ ဦးနှောက်နှင့် အာရုံကြော၊ နှလုံးနှင့်အဆုတ်ရောဂါ၊ သွားနှင့် ခံတွင်း၊ မျက်စိ၊ နား၊ နှာခေါင်းနှင့်လည်ချောင်း၊ စိတ်ရောဂါ၊ အရေပြား၊ ကင်ဆာရောဂါနှင့် သားဖွားမီးယပ်ရောဂါ ကုသရေးလုပ်ငန်းများ ပါဝင်ကြောင်း သိရှိရသည်။

ထို့အပြင် ပြင်ပလူနာစောင့်ရှောက်မှုနှင့် အတွင်းလူနာစောင့်ရှောက်မှုများကို ၂၄ နာရီ ဝန်ဆောင်မှုပေးမည်ဖြစ်ပြီး ပြင်ပလူနာဌာန ဆရာဝန်နှင့် အဆင့်မြင့် တိုင်ပင်ဆွေးနွေးခွင့်ရှိသည့်အခန်းခြောက်ခန်း ပါရှိ၍ရောဂါရှာဖွေရေး အနေဖြင့် ဓာတ်မှန်၊ Ultrasounds အဆင့်မြင့် ဓာတ်ခွဲခန်းနှင့်သွားနှင့်ခံတွင်း ကုသခန်းတို့ကို ၂၄နာရီ ထားရှိမည်ဖြစ်ကာ သားဖွားခန်းကိုလည်း သီးသန့်ထားရှိသည်။ ခွဲစိတ်ခန်းတွင် ခွဲစိတ်ဆရာ ဝန်ကြီး သုံးဦးက အကြီးစားခွဲစိတ်ခန်း နှစ်ခန်းနှင့် အသေးစားခွဲစိတ်ခန်းတစ်ခန်း စုစုပေါင်း ခွဲစိတ်ခန်းသုံးခန်းတို့ဖြင့် တစ်ပြိုင်နက်တည်း ခွဲစိတ်ပေးနိုင်ကြောင်း သိရှိရသည်။ လူနာများအား လက်ထောက်ဆရာဝန်များက ၂၄နာရီ ကြီးကြပ်ကုသပေးမည်ဖြစ်ပြီး လိုအပ်ချက်ရှိလာပါက အထူးကုဆရာဝန်ကြီးများနှင့် ပြသတိုင်ပင်၍ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကာ အရေးပေါ်လိုအပ်ပါကလည်း လူနာများအား ပို့ဆောင်ရန် လူနာတင်ယာဉ်များဖြင့် ၂၄နာရီ ဝန်ဆောင်မှုပေး၍ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

◆ ကျောဖုံးမှ

ပြည့်ဝမှန်ကန်စွာရရှိရေး အလေးထား ကြိုးပမ်းကြရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သင်တန်းတွင် ပထမဆုရငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဝင်း၊ ဒုတိယဆုရ ငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်သန်းသန်းအေးနှင့်တတိယဆုရဦးစီးရုံးနှင့်သုတေသနဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်နှင်းယုလွင်တို့အား ထူးချွန်ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး သင်တန်းသားများ ကိုယ်စား လက်ထောက်ညွှန်ကြားရေးမှူး ဦးပိုင်စိုးထံ သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းတွင် သင်တန်းသား သင်တန်းသူ မြို့နယ်အခွန် ဦးစီးဌာနမှူး ၄၅ ဦးတို့သည် ရက်သတ္တငါးပတ်ကြာ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ ဘာသာရပ်များ၊ ဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့် အမိန့်၊ ညွှန်ကြားချက်များ စသည်တို့ကို လေ့လာသင်ကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် သပြေကုန်းဈေး ဇီဝကဆေးဆိုင်ခန်းရှိ ဘောဂသိဒ္ဓိဆေးရုံကို တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ရက် (အဖိတ်နေ့)

၆-၈-၂၀၁၁ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၀ ၂။ **FIFA U-20 World Cup 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (ပြင်သစ်အသင်းနှင့် မာလီအသင်း)**
- ၃။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၁:၅၀ ၄။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁၂:၂၀ ၅။ **Yan Can Cook**
- ၁၂:၄၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်ကြိုးတစ်မျှင်** (အပိုင်း-၆၅)
- ၁၃:၂၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၃:၃၅ ၈။ **International Science News**
- ၁၃:၄၅ ၉။ **ရင်နှစ်ပန်းတို့လန်းစေချင်**
- ၁၃:၅၅ ၁၀။ (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ (လေ့လျှော်)
- ၁၄:၀၀ ၁၁။ လောကနီတိ(၃) **အမွေ့သား**
- ၁၄:၅၅ ၁၂။ **International News**

ညပိုင်း

- ၃:၄၅ ၁။ **Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (နေပြည်တော်အသင်းနှင့် ကမ္ဘောဇအသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ အလှူရှာမယ် လှုကမ္ဘာ၀ယ်
- ၆:၃၅ ၆။ ယဉ်တစ်ကိုယ်မယ်
- ၇:၀၀ ၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **နတ်ရေးငယ်တဲ့ရွှေဖူးစာ** (အပိုင်း-၃)
- ၈:၀၀ ၈။ ပြည်တွင်းသတင်း
- ၉။ နိုင်ငံတကာသတင်းများ
- ၁၀။ မိုးလေဝသအခြေအနေ
- ၁၁။ ကာတွန်းအစီအစဉ် **တောကောင်ငယ် သိုင်းညီနောင်လေးများ** (ဒုတိယတွဲ)(အပိုင်း-၃၇)
- ၁၂။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဂုဏ်ပြုဇာတ်လမ်း **အလင်္ကာပန်းကလေး လန်းစေချင်** ခိုင်ခန့်၊ ရှိုင်းသစ်၊ ဆုပန်ထွာ၊ ဝတ်ရည်ကေခိုင် [ဒါရိုက်တာ-မဟာ(MSC)]
- ၁၃။ **ဂီတတံခါးလေးဖွင့်ပါဦး**
- ၁၄။ အစီအစဉ်ပြီး၏။

လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ထူထောင်

နေပြည်တော် ဩဂုတ် ၅

မွေးကင်းစမှ အသက်ငါးနှစ်အထိကလေးများ ရှင်သန်ရေးနှင့် မိခင်များ၏ ကျန်းမာဖွံ့ဖြိုးရေးလုပ်ငန်းကို တွဲဖက်လုပ်ဆောင်လိုသည့်အတွက် ရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲ အခမ်းအနားများကို တစ်ပြိုင်တည်းကျင်းပရခြင်းဖြစ်ကြောင်း၊ ၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ် လှုပ်ရှားမှုများကို မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအနေဖြင့် ဩဂုတ်လ ၁ ရက်နေ့မှ စတင်ပြီး ဗဟိုအဆင့်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်များတွင်ရှိသည့် အသင်းများနှင့် အသင်းခွဲများအားလုံးသည် ကျန်းမာရေးဌာနများနှင့်လက်တွဲပြီး ပူးပေါင်းဆောင်ရွက် ကျင်းပသွားမည်ဖြစ်ကြောင်း။

ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် လူသားအရင်းအမြစ်များ ကျန်းမာကြံ့ခိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနက အစဉ်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ၏ အာဟာရအခြေအနေ ကောင်းမွန်မှသာ နိုင်ငံသူနိုင်ငံသားများ ကျန်းမာကြံ့ခိုင်မည်၊ ဉာဏ်ရည်ထက်မြက်မည်၊ ၎င်းတို့၏ ကာယအား၊ ဉာဏအားများကို ရာခိုင်နှုန်းပြည့် အသုံးချနိုင်ကြမည်ဖြစ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီးကို ထူထောင်သွားကြရမည်ဖြစ်ကြောင်း။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာသန်စွမ်း ကြံ့ခိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွက်လာစေရေးကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် ကြွရောက်လာကြသည့် ဌာနများနှင့် အဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများက အတူလက်တွဲပြီး ဆက်လက်ပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပါကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဩဂုတ် ၄ ရက် နံနက် ၉ နာရီတွင် နေပြည်တော် ဒက္ခိဏသီရိမြို့ သုခမလမ်းရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ် အခမ်းအနား၌ ပြောကြားခဲ့သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နီလာသော်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး ဒေါက်တာ မွန်မွန်အောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဦးစီးဌာနများရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ Child Survival Specialist Dr. Siddharth Nirupam နှင့် တာဝန်ရှိသူများ၊ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်နှင့် ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များမှ ကျန်းမာရေးဦးစီးဌာနမှူးများနှင့် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကိုယ်ဝန်ဆောင်မိခင်များအား အိုင်အိုဒင်းဆားထုပ်များ၊ အားဆေးများနှင့် အနှီးပိတ်များ ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ခန်းမအတွင်း ပြသထားသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၏ အာဟာရလုပ်ငန်းလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြသည်။

အမှာစကားပြောကြား

ဆက်လက်၍ ဒုတိယပိုင်း အစီအစဉ်အရ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်း ကျန်းမာရေး အသိပညာပေးဟောပြောပွဲကို နံနက် ၁၀ နာရီတွင် ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်နီလာသော်က အမှာစကားပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန အာဟာရဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာမေခင်သန်းက "အနာဂတ်ကြယ်ပွင့်ကလေးများအတွက် အာဟာရ" ခေါင်းစဉ်ဖြင့် ကျန်းမာရေးပညာပေး ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံကျောက်မီးသွေးကောင်စီ အစည်းအဝေးကျင်းပပြီးစီး

နေပြည်တော် ဩဂုတ် ၅

နဝမအကြိမ်မြောက် အာဆီယံ ကျောက်မီးသွေးကောင်စီ အစည်းအဝေး နောက်ဆုံးနေ့အဖြစ် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမရာဟိုတယ် **(အပေါ်ပုံ)** ၌ ကျင်းပရာ အာဆီယံ ဗဟိုစွမ်းအင်ဌာန (ACE)၊ အာဆီယံ ကျောက်မီးသွေးကောင်စီ (AFOC) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ဂျပန်ကျောက်မီးသွေးအေဂျင်စီ (JCOAL) မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အာဆီယံ ကျောက်မီးသွေးကောင်စီအလုပ်အမှုဆောင်ကျ ဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာန သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းထိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဂျပန်ကျောက်မီးသွေး အေဂျင်စီ (JCOAL) မှ Resource Department, General Manager, Mr. Haruo Inoue က JCOAL ၏ လုပ်ငန်းများ၊ JCOAL နှင့် အာဆီယံ ကျောက်မီးသွေးကောင်စီ (AFOC)/အာဆီယံဗဟိုစွမ်းအင်ဌာန (ACE) တို့အကြား ပူးပေါင်းဆောင်ရွက်မှုအခြေအနေများနှင့် အနာဂတ်တွင် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည့် လုပ်ငန်းများကို တင်ပြရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက Formulation and Discussion on Work Plan 2011-2012 for Coal Cooperation ၏ လုပ်ငန်းများနှင့် ASEAN Energy Business Forum 2011 ကို ဘရူနိုင်းဒါရုဆလမ် နိုင်ငံ၌ ကျင်းပမည့် အစီအစဉ်များကို ဆွေးနွေးကြပြီး ၂၀၁၂ခုနှစ် (၁၀)ကြိမ်မြောက် အာဆီယံ ကျောက်မီးသွေးကောင်စီ အစည်းအဝေး ကျင်းပမည့်နိုင်ငံအဖြစ် ဖိလစ်ပိုင် သမ္မတနိုင်ငံအား ရွေးချယ်ဆုံးဖြတ်ကြသည်။

ကျင်းပပြီးစီး

ဆက်လက်၍ တက်ရောက်လာကြသူများက နဝမအကြိမ်မြောက် အာဆီယံ ကျောက်မီးသွေးကောင်စီ အစည်းအဝေးအပေါ် သုံးသပ်ဆွေးနွေး တင်ပြကြကာ အလုပ်အမှုဆောင်ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများသည် တာဝန်ရှိသူများ လိုက်ပါလျက် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်နှင့် အမျိုးသားအထိမ်းအမှတ် ဥယျာဉ်တို့သို့ သွားရောက်ကြည့်ရှု လေ့လာကြပြီး ညပိုင်းတွင် မြန်မာနိုင်ငံ ကျောက်မီးသွေးသတ္တုတွင်း လုပ်ငန်းရှင်များက အမရာဟိုတယ်၌ ဂုဏ်ပြုညစာ စားပွဲဖြင့် တည့်ခင်းဧည့်ခံခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဩဂုတ် ၅ ရက် ကမ္ဘာ့ဈေးကွက်

စဉ်	ကုန်ပစ္စည်း	အရေအတွက်	ဈေးနှုန်း(အမေရိကန်ဒေါ်လာ)
၁။	ရော်ဘာ	တစ်စည်	၁၀၈ ဒသမ ၇၈
၂။	သဘာဝဓာတ်ငွေ့	တစ်ကုဗမီတာ	၃ ဒသမ ၉၅
၃။	ရွှေ	တစ်အောင်စ	၁၆၅၅ ဒသမ ၃၀
၄။	ငွေ	တစ်အောင်စ	၃၉ ဒသမ ၃၉
၅။	ကြေး	တစ်အောင်စ	၄ ဒသမ ၁၈
၆။	ပလက်တီနမ်	တစ်အောင်စ	၁၈၃၃ ဒသမ ၀၁

ဩဂုတ် ၅ ရက် မြန်မာ့ရွှေဈေးကွက်

ရွှေ	တစ်ကျပ်သား(အခေါက်)	ကျပ် ၆၇၀၀၀၀
ရွှေ	၁၅ ပဲရည်	ကျပ် ၆၂၈၅၀၀
ရွှေ	၁၄ ပဲရည်	ကျပ် ၅၈၆၅၀၀

လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော လမ်း၊ တံတားများကို ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်နော်ကေသီမိုးနှင့်အဖွဲ့ စစ်ဆေးရာအမှုဆောင်အရာရှိ ဦးငွေလှိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ-၂ ဦးမျိုးချစ်ဦးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၁၁ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဘက်စုံသားဖွားသင်တန်းသူများ ဦးဆောင်းအပ်နှင်းပွဲ ကျင်းပ

ကချင်ပြည်နယ် ဝန်ကြီးချုပ် အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၅

အမှတ်စဉ်(၁၀၁) ဘက်စုံသားဖွား ၁၈လ သင်တန်းသူများ၏ ဦးဆောင်းအပ်နှင်းခြင်းအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ဂန်ဆိုင်းက အဖွင့်အမှာစကား ပြောကြားသည်။

အစီအစဉ်အရ သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ကျောင်းအုပ် ဒေါ်နုနုဇံက ဦးဆောင်းအပ်နှင်းခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ကျောင်းအုပ်နှင့် တာဝန်ရှိသူတို့က သူနာပြုသင်တန်းသူ ၂၇ ဦးတို့အား တစ်ဦးချင်း ဦးဆောင်းအပ်နှင်းပေးကြသည်။

ယင်းနောက် ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီးဒေါ်ဘောက်ဂျာက ဘက်စုံထူးချွန် တတိယဆုရ မမီမီကျော်(မိုးကောင်း)၊ ဒုတိယဆုရ မဖြိုးအိအိဇော်(မိုးညှင်း)နှင့် ပထမဆုရ မကြည်ကြည်လေး(မိုးကောင်း)တို့အား ထူးချွန်ဆုများ ချီးမြှင့်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် သူနာပြုနှင့် သားဖွားသင်တန်း ကျောင်းရှိ သူနာပြုသင်တန်း (တတိယ) နှစ်နှင့် (ပထမ)နှစ် သင်တန်းသူများအား တွေ့ဆုံ အားပေးစကားပြောကြားပြီး Audio Visual Language Lab Room, Library Room, Demonstration Room နှင့် Computer Room တို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း စာအုပ်စင်ကဏ္ဍ

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း ဩဂုတ်လ အမှတ်(၁၄၈)ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

ပြန်ကြားရေးဝန်ကြီး ဌာနက ကြီးကြပ်စီစဉ်သော နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်း အမှတ်(၁၄၈)ကို သရုပ်ဆောင် ဧကရီစုစံ၏ မျက်နှာဖုံးဖြင့် ထုတ်ဝေဖြန့်ချိလိုက်သည်။

မြင်းမူမောင်နိုင်မိုး၊ မောင်စိမ်းနောင်(လယ်ဝေး)၊ မြတ်ဘုန်း (တပ်ကုန်း)၊ မင်းနိုင်လေး (လမ်းမတော်)၊ ချမ်းမြဆောင်း(ကလော)၊ မင်းသက်ခိုင်(ဝက်လာ)၊ တင့်ထွန်း(ချောက်)၊ စောရန်နိုင်(မန်ကျည်းစောက်)၊ သွဲ့ထားညို(သက္ကလ)၊ မျိုးခိုင် (မူဆယ်)၊ မင်းမောင်နွယ် (မွန်ဌာနီ) တို့၏ အဖွင့်ကဗျာများ၊ ကျော်ကျော်လွင်၊ မောင်တင်ယု၊ သာဇေ၊ စည်သူကျော်၊ ရွှေကိုဦး၊ မောင်နေမွန်၊ ဒေါက်တာခင်မောင်ညွန့်၊ ဦးငွေအောင်မွန်၊ မောင်လွမ်းနွယ် (အောင်လံ)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ ဒေါက်တာနှင်းအေးခိုင်ဆွေ၊ သောင်းဝင်း (ယဉ်ကျေးမှု)၊ ရန်နိုင်၊ သိန်းသူ မင်းမျိုးအောင်၊ မောင်ငြိမ်းသူ (ကြို့ပင်ကောက်)၊ တက္ကသိုလ် တင်ခ၊ မြင့်သိန်းအောင်၊ ယောဂီတိုးအောင်၊ ဦးကျော်စိန် (မန္တလေး)၊ အုန်းမောင်(ပုသိမ်)၊ တွန်းအားရှင်၊ သစ္စာမေတ္တာကိုကိုအောင်၊ မောင်သာမန် (ဇီးကုန်း)၊ စစ်ကိုင်းစိမ်းစိမ်း၊ ဇင်မင်း (သမိန်ထော)၊ ညောင်ညိုပင်-ကျော်ဝင်း၊ ဖွဲသန်းသျှင်း (သုံးဆယ်)၊ ထွဏ်းကြည် (ဗ. ဝ. တ၊ ဖောင်ကြီး)၊ တက္ကသိုလ်စိုးယဉ်၊ မောင်မောင်ကြည်သန့် (ရတနာမြေ)၊ နီမင်းညို၊ သုဝဏ္ဏလှိုင် (ဝင်းက)၊ အေးမိစံ(သထုံ)၊ မလေး (မုံရွာ)၊ မောင်ညီဦး (က. စ. လ)၊ ဆင်ဖြူကျွန်း အောင်သိန်းတို့၏ ဝတ္ထုတို၊ ဝတ္ထုရှည် စ-ဆုံး၊ အခန်းဆက်ဝတ္ထုရှည်၊ ဆောင်းပါး၊ ကာတွန်း၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ တောခလေ့ စာပန်းချီ၊ ဓမ္မအလင်း ကဗျာပန်းခင်း၊ ကဗျာပန်းရုံရိပ်၊ နိုင်ငံတကာမြင်ကွင်း၊ ဗုဒ္ဓစာဥယျာဉ်၊ အမြတ်ဆုံးပူဇော်သံဃာတော်၊ သမိုင်းသုတေသန၊ အတွေးအမြင်၊ မြန်မာ့စာဆိုတော်ကြီးများ၏ ဘဝပုံရိပ်၊ မျက်နှာဖုံးရှင်ကဏ္ဍ၊ စာပေခရီးစာပေရေစီး အစရှိသည်တို့ဖြင့် သုတရသစုံလင်စွာ စီစဉ်တင်ဆက်ထားသည်။

အဆိုပါမဂ္ဂဇင်းကို နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၁) အမှတ် ၅၂၉-၅၃၁ စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၂) ရန်ကင်းပညာရေးကောလိပ်နှင့် ရန်ကင်းကြေးအိုးဆိုင်ကြား သစ္စာလမ်းမကြီး ရန်ကုန်မြို့ ဖုန်း-၇၂၅၅၃၀နှင့် အမြို့မြို့ အနယ်နယ်ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

စေတနာလှိုင် (ရေစကြို)၏ ဥပုသ်သည်နှင့် သိမှတ်ဖွယ်စာအုပ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၅

စေတနာလှိုင် (ရေစကြို) စီစဉ်ရေးသားသော ဥပုသ်သည်နှင့် သိမှတ်ဖွယ်စာအုပ်ကို ရန်အောင်စာပေက ဒုတိယအကြိမ်အဖြစ် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ်တွင် သီလ၏ စွမ်းအားများ သီလာနုဿတိ ဘာဝနာပွားနည်း သီလနှင့်ပတ်သက်သော အဆုံးအမဩဝါဒများ၊ ငါးပါးသီလ အကျယ် ဖွင့်ဆိုချက်၊ ငါးပါးသီလ အကျိုးနှင့်အပြစ်၊ ဥပါသကာဟူသည်၊ ဥပုသ်သည် ဆိုသည်မှာ ဥပုသ်သည်တို့၏ ပြုဖွယ်ကိစ္စများ၊ ရှစ်ပါးသီလအကျယ် ဖွင့်ဆိုချက်၊ ဥပုသ်စောင့်ခြင်းအကျိုး၊ ဥပုသ်အမျိုးမျိုး လူပုဂ္ဂိုလ်များနှင့် ၁၀ ပါးသီလ၊ ဥပုသ်စောင့်ခြင်း လက်ငင်းအကျိုးစသည်တို့ကို စုစည်းဖော်ပြထားရာ အဆိုပါ စာအုပ်ကို ရန်အောင်စာပေ တိုက် ၁၇ အခန်း ၂၃ ရွှေအုန်းပင်အိမ်ရာ အနောက်ရန်ကင်း ရန်ကုန်မြို့ ဖုန်း-၀၁-၇၂၂၅၇၂၊ ၀၉-၅၁၇၉၃၉၈နှင့် တစ်ပြည်လုံးရှိ စာအုပ်ဆိုင်ကြီးများတွင် တစ်အုပ်လျှင် ကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

စိုက်ပျိုးရေပေးဝေလျက်ရှိသည့် ရမည်းသင်းမြို့က ကျိုးနီကန်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-သတင်းထောက်ညွှန့်ရွှေ

နေပြည်တော် ဩဂုတ် ၅

ကြေးနီကန်(သို့)ကျိုးနီကန်. . . .။

ရမည်းသင်းမြို့ တောင်ဘက်ရှိ သာယာလှပသော ရေကန်. . . .။

ကျိုးနီကန်သည် ရှေးမြန်မာမင်းများလက်ထက်က တည်ဆောက်ခဲ့သော ရေကန်တစ်ကန်ဖြစ်သည်။ ယခုခေတ် တည်ဆောက်ထားသော ရေလှောင်ကန်များကဲ့သို့ ရေဝင်ပေါက်တစ်ခုအား ကန်ပေါင်ဖြင့် ပိတ်ပြီး တည်ဆောက်ထားသော ကန်မျိုးမဟုတ်ဘဲ မြောက်ဘက်သို့ စီးဆင်းသွားသည့် စမုံချောင်းကို ကန်ပေါင်ပိတ်၍လည်းကောင်း၊ တောင်ဘက်သို့ စီးဆင်းသွားသည့် နဝင်းချောင်းကို ကန်ပေါင်ပိတ်၍ ရေဝေကုန်းတန်းတစ်ခုပေါ်တွင် တည်ဆောက်ထားသည့် ထူးခြားသောကန်ဖြစ်သည်။

နွေစပါးနှင့် အခြားသီးနှံစိုက်ခင်းများကို စိုက်ပျိုးရေပေးဝေနေသည့် ကျိုးနီကန်ကို ဤသို့တွေ့ရသည်။

ရေတံခါးငါးခု

စမုံချောင်းသည် ရောဝတီမြစ်အတွင်းသို့ စီးဝင်သွားသကဲ့သို့ နဝင်းချောင်းသည် တောင်ဘက်သို့ စီးဆင်းကာ စစ်တောင်းမြစ်အတွင်းသို့ စီးဝင်သွားသည်။ အရှေ့ရှမ်းရိုးမတောင်မှ စီးဆင်းလာသော လဲဖြူချောင်းရေနှင့် အနောက်အလယ်ရိုးမ တောင်တန်းများမှ စီးဆင်းလာသောရေများသည် ကန်အတွင်းစီးဆင်းကာ ကန်မှလွှတ်သောရေသည် တောင်နဝင်း၊ မြောက်စမုံသို့ စီးဆင်းပြီး ရေတံခါးငါးခုရှိသောကန်ဖြစ်သည်။

မြို့အရှေ့ဘက် ရှမ်းရိုးမတောင်တန်းကြီးကို ရေဝေရေလဲပြု၍ စီးဆင်းလာသော လဲဖြူချောင်း၊ မြောင်းမတော်အထက်ပိုင်းရှိ ကျောက်တင်ချောင်း၊ ဖိုးသူတော်ချောင်းတို့မှ စီးဆင်းလာသောရေ၏ ရေဆင်းဧရိယာမှာ ၆၈ စတုရန်းမိုင်ရှိသည်။ ကန်ရေပြည့် ၁၅၂၅ ဧက ၊ ကန်အမြင့် ၁၅ ပေ၊ ကန်ပေါင်အလျား(မြောက်)ပေ ၁၂၃၀၀၊ ကန်ပေါင်အလျား(တောင်)ပေ ၉၅၀၀၊ ရေလှောင်ပမာဏ ၈၀၆၆ ဧကပေဖြစ်ပြီး အကျိုးပြုဧက ၆၅၀၀ ဖြစ်သည်။

ပြန်လည်ပြုပြင်

ကျိုးနီကန်ကို မိတ္ထီလာမြို့ ဆည်မြောင်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်ဇော်၏ ဦးဆောင်မှုဖြင့် ရမည်းသင်းမြို့နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးအရာရှိ ဦးစိုင်းဝဏ္ဏက ကြီးကြပ်ပြီး တာဝန်ခံအင်ဂျင်နီယာ ဦးညဏ်ဝင်းနှင့် အဖွဲ့က ၂၀၁၁ ခုနှစ် ဧပြီလဆန်းမှစပြီး ပြန်လည်ပြုပြင်မှုလုပ်ငန်းများကို လုပ်ဆောင်ခဲ့သည်။

ကျိုးနီကန်၏ နံပါတ်(၁)မြောင်းမှာ ကွေ့ကောက်နေ၍ တစ်ဖြောင့်တည်းဖြစ်ရန် ပြန်လည်ပြင်ဆင်ခြင်း၊ နံပါတ်(၁)မြောင်းနှင့် နံပါတ်(၂)မြောင်းအား ကျောက်ကြီးများစီကာ လှိုင်းကာနံရံများ ပြုလုပ်ခြင်း၊ ကန်ပေါင်လမ်းပေါ်၌ ခရီးသွားများ အန္တရာယ်မဖြစ်စေရန် အမြင့်နှစ်ပေရှိ ကျောက်စီနံရံများ ဆောက်လုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးထားသည်။

ကန်ပေါင်လမ်း ကောင်းမွန်လာသဖြင့် ဒေသထွက်သီးနှံများ မြို့ဈေးကွက်သို့ လျင်မြန်စွာ ပို့ဆောင်ပေးနိုင်ခဲ့သည်။ ကန်ပေါင်လမ်းကို အမှီပြုပြီး နေ့စဉ်ကျောင်းသွားကျောင်းပြန်၊ ဈေးရောင်းဈေးဝယ်သွားလာမှု လွယ်ကူလျက်ရှိသည်။

အောင်သပြေကျေးရွာမှ Grade-8 ကျောင်းသား မောင်လှအေး၊ ထိန်ကန်ရွာမှ Grade-9 ကျောင်းသား မောင်မြမောင်နှင့်မှန်စီရွာမှ Grade-10 ကျောင်းသား မောင်လှ စသူတို့နှင့် ညောင်ပင်ကိုင်းရွာ၊ အောင်သပြေရွာ၊ ဝါးတောရွာ၊ ဘွတ်၊ တူးကုန်း၊ ရေဦး စသည့်ရွာများမှ ဈေးရောင်း ဈေးဝယ်လာကြသူများအား လမ်းအခြေအနေများကို မေးမြန်းခဲ့ရာက "ယခင်က ကျောင်းတက် ကျောင်းဆင်း၊ ဈေးသွား ဈေးပြန် မိုးမရွာပါနှင့်ဟု ဆုတောင်းခဲ့ရကြောင်း၊ မိုးရွာသည့်အခါ ကန်ပေါင်ပေါ်က မြေစေးတို့ကြောင့် ချော်လဲရာမှ အကျႌ၊ လုံချည်၊ စာအုပ်စသည်များ၊ ရွှံ့နွံများပေကျံပြီး စိတ်ညစ်ခဲ့ရကြောင်း၊ ဈေးရောင်းဈေးဝယ်များလည်း ချော်လဲကြသဖြင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုရှိခဲ့ရကြောင်း၊ ထို့အပြင် ကန်အတွင်းသို့ စက်ဘီး၊ ဆိုင်ကယ်များ ထိုးကျခဲ့ရသည်များလည်း ရှိခဲ့ကြောင်း၊ ယခုအခါ ကန်ပေါင်လမ်းကို ကောင်းမွန်အောင် ဆည်မြောင်းဦးစီးဌာနက ပြုပြင်ပေးခဲ့ရာ လမ်းကောင်းမွန်သွားသဖြင့် ကျေးဇူးတင် ဝမ်းသာရပါကြောင်း" စာရေးသူအား ပြောပြကြသည်။

ဖွံ့ဖြိုးတိုးတက်

နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရန် လယ်ယာကဏ္ဍအတွက် စပါးပိုလျှံရေး၊ စားသုံးဆီ ပိုလျှံရေး၊ ပြည်ပပို့ကုန် ပဲမျိုးစုံနှင့် စက်မှုကုန်ကြမ်းသီးနှံများ တိုးတက်စိုက်ပျိုး ထုတ်လုပ်နိုင်ရေး စသည့် အဓိကရည်မှန်းချက်သုံးရပ်ကို ချမှတ် ဆောင်ရွက်လုပ်ကိုင်နေသကဲ့သို့ ရမည်းသင်းမြို့နယ်တွင် ယမန်နှစ် မိုးနှောင်းကာလ ရွာသွန်းသော မိုးရေကြောင့် ဆည်၊ ကန်များတွင် ရေလုံလောက်စွာရရှိခဲ့၍ ကျိုးနီကန်ရေဖြင့် ၂၀၁၁ ခုနှစ် နွေစပါးလျာထားဧက ၁၈၀၀ ထက် ပိုမိုစွာ ၂၃၃၃ ဧက အထိ တိုးတက်စိုက်ပျိုးနိုင်ခဲ့ကြသည်။ ကျိုးနီကန်ရေဖြင့် နွေစပါး၊ မိုးစပါးများအပြင် ဆောင်းသီးနှံများပါ စိုက်ပျိုးနေပြီဖြစ်ရာ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစားအထိတိုးချဲ့စိုက်ပျိုးနိုင်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဗဟန်းမြို့နယ်၌ အသိပညာပေးဟောပြော

ရန်ကုန် ဩဂုတ် ၅

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာဟောပြောပွဲကို ဇူလိုင် ၂၆ ရက်က ဗဟန်းမြို့နယ် အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (ရန်ကုန်မြောက်ပိုင်း) မှ လက်ထောက်အင်ဂျင်နီယာ ဦးမောင်တိတ်က ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောသည်။ **(အပေါ်ပုံ)** အလားတူ ဇူလိုင် ၂၅ ရက်ကလည်း ဗဟန်းမြို့နယ် အမှတ် (၃)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခဲ့ကြောင်း သိရှိရသည်။

(ခရိုင် ကညန)

မအူပင်မြို့နယ်အသင်း စုပေါင်းလှူဒါန်းမည်

ရန်ကုန် ဩဂုတ် ၅

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ (၁၁)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြောက်ဘက်မုခ်အနီးရှိ နယ်စပ်စည်ပင်ဓမ္မာရုံ၌ ဩဂုတ် ၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ မြို့နယ်သူ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် အလှူငွေများကို ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ အထွေထွေအတွင်းရေးမှူး ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ ဖုန်း-၀၉-၇၃၁၂၈၁၆၈၊ ဦးအုန်းဖေ ဖုန်း-၄၅၀၃၉၂ နှင့် ဦးမြင့်သိန်း ဖုန်း-၀၉-၈၆၂၅၅၆၄၊ ဘဏ္ဍာရေးမှူး ဦးတင်ငြိမ်း ဖုန်း-၅၄၀၇-၅၂၊ ဦးစိန်မြင့် ဖုန်း-၅၆၄၀၉၃၊ ဦးသိန်းဌေး ဖုန်း-၀၉-၅၁၉၁၆၅၅နှင့် ဒေါ်ကြည်သာမော် ဖုန်း-၀၉-၅၁၄၄၁၆၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(မြို့နယ်အသင်း)

ရေတာရှည်မြို့၌ အခွန်ပညာပေး ဆွေးနွေး

ရေတာရှည် ဩဂုတ် ၅

ကုန်ပစ္စည်းထုတ်လုပ်သူများ၊ ရောင်းချသူများအား အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချခြင်းနှင့်ပတ်သက်၍ အခွန်ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၆ ရက် နံနက် ၁၀ နာရီက ရေတာရှည်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။ အဆိုပါပညာပေးဆွေးနွေးပွဲတွင် တောင်ငူခရိုင် အခွန်ဦးစီးဌာနမှူး ဦးခင်မောင်ညွှန့်နှင့် ရေတာရှည်မြို့နယ် အခွန်ဦးစီးဌာနမှူး ဦးလှမြင့်တို့က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းကို သရုပ်ပြဟောပြောခဲ့ပြီး လက်ကမ်းစာစောင်ဖြန့်ဝေကြသည်။ ထို့နောက် တက်ရောက်လာကြသော အခွန်ထမ်းပြည်သူများက မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ်အခွန်ဦးစီးဌာန)

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မြောင်းမြမြို့ဝင် လမ်းဘေးဝဲယာ၌ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ ဇူလိုင် ၂၅ ရက်က အရိပ်ရပင်၊ ပန်းအလှပင်များ စုပေါင်းစိုက်ပျိုးရာ အမှုဆောင်အရာရှိ ဦးမောင်တိုး၊ လက်ထောက်အင်ဂျင်နီယာ ဒေါ်မန်းဒေနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မူဆယ်မြို့ အမှတ်(၂)ဈေးအတွင်း အသားရောင်းဆိုင်များတွင် ဝက်နားရွက်ပြာရောဂါကျရောက်ခြင်း ရှိ မရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်၊ ခရိုင်တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝင်းဇင်မောင်နှင့်အဖွဲ့ ဇူလိုင် ၁၉ရက်က ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဝမ်းတွင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ကုန်-မန္တလေးလမ်းမကြီးအောက် ရေထုတ်ပြွန်တပ်ဆင်ရန် ဆောင်ရွက်နေမှုကို ဩဂုတ် ၁ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြတ်ကောင်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (၄၁၄)

တောင်ငူမြို့နယ် (၇)လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်အေးတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဥက္ကံမြို့ပေါ်ရှိ ဆေးဆိုင်များတွင် သက်တမ်းလွန်ဆေးများနှင့် တားမြစ်ဆေးများရောင်းချခြင်း ရှိ မရှိကို ဇူလိုင် ၂၈ရက်က ရုံးခွဲတာဝန်ခံဦးစီးအရာရှိ ဦးထိန်လင်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ကုန်သည်/စက်မှုအသင်းချုပ်၌ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် သြဂုတ် ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်းကျင်းပသော ACU စနစ်အသုံးပြုမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၈ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ် ပထမထပ် ခန်းမ၌ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဝင်းနှင့် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင် တို့က အမှာစကားပြောကြားကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မြန်မာ့စီးပွားရေးဘဏ်တို့မှ တာဝန်ရှိသူများက ACU စနစ်အသုံးပြုမှုနှင့်ပတ်သက်၍ သိကောင်းစရာအချက်အလက်များကို ဆွေးနွေးတင်ပြကြသည်။ ထို့နောက် တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ **(ကုန်သည်/စက်မှုအသင်းချုပ်)**

ညောင်တုန်း၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

ညောင်တုန်း သြဂုတ် ၅

မအူပင်ခရိုင် ညောင်တုန်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ညောင်တုန်းမြို့ အမှတ်(၁၀) ရပ်ကွက် ဓမ္မာရုံ၌ သြဂုတ် ၂ ရက် ညနေ ၃ နာရီက ကျင်းပရာ ရှေးဦးစွာ မအူပင်ခရိုင် ဦးစီးဌာနမှူး ဦးကျော်ဝင်းက အိမ်ထောင်စုလူဦးရေစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ဖြေလျှော့ဆောင်ရွက်ပေးသည့် စနစ်သစ်နှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ဒေသခံပြည်သူများအား ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးဌာနမှူး ဦးကျော်ဝင်းက ရပ်ကွက်ပြည်သူ ၁၄၁ ဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းထွန်းထံ ပေးအပ်သည်။ **(အပေါ်ယာပုံ)**

ပေးအပ်

ဆက်လက်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ရပ်ကွက်ပြည်သူတစ်ဦးချင်းထံ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြန်လည် ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ (၀၈၂)

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

ဇလွန် သြဂုတ် ၅

သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ဇလွန်မြို့နယ် ကော့ကပ်ကြီးဘုန်းတော်ကြီးကျောင်း၌ ကျင်းပရာ ရန်ကုန်မြို့ ကေသီပန် ဦးလှမြင့် (ကေသီပန်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) မိသားစုက သက်ကြီး ဘိုးဘွား ၁၀၀ အား စောင်၊ ပုဆိုး၊ ထဘီ၊ ဆေးနှင့် ငွေသားများလှူဒါန်းပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် ကော့ကပ်ကြီး အထကရှိ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ ဆရာမများအား ဆုများချီးမြှင့်သည်။ ထို့နောက် ကော့ကပ်ကြီး အထကအတွက် ပင်မငွေပဒေသာပင်ငွေကျပ် ၁၅ သိန်းကို ကေသီပန်ဦးလှမြင့်မိသားစုက ကျောင်းအုပ်ဆရာမကြီး ဒေါ်ချိုချိုဝေအား ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)** ယင်းအခမ်းအနားတွင် ကော့ကပ်ကြီး အထကအတွက် ဒေါ်မျိုးမျိုးခိုင် (ကီကီမြန်မာကုမ္ပဏီ)ကလည်း ဗလာစာအုပ် ဒါဇင် ၂၂၀ နှင့် ခဲတံဒါဇင် ၃၀၀ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင် ၃၁ ရက်က လပွတ္တာမြို့ ပြင်ပလူနာဌာန၊ အခမဲ့ဆေးကုသမှု ရန်ပုံငွေအတွက် အလှူငွေကျပ်သိန်း ၁၀၀ ကို လပွတ္တာမြို့နယ်အသင်း (ရန်ကုန်) ဒုတိယဥက္ကဋ္ဌ ဦးဟန်စိန်နှင့်ဦးရွှေလှိုင်တို့က ခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးမောင်ကြည်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ သန်လျင်၌ ထောက်ပံ့လှူဒါန်း

ရန်ကုန် သြဂုတ် ၅

ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ စာရေးခုံနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းပွဲကို သြဂုတ် ၂ ရက်က သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု ကညင်ပင်ကျေးရွာ တေဇာသစ်နမ်ဆန်သီလရှင်သင်ပညာရေးကျောင်း၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မြတ်ထွေး၊ ရန်ကုန်တောင်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ဥမ္မာနေထွန်း၊သန်လျင်မြို့နယ်ဥက္ကဋ္ဌ ဒေါ်မိုးသီတာထွန်းနှင့်အဖွဲ့များက ကျောင်းသား ကျောင်းသူများအတွက်စာရေးခုံအစုံ ၂၂ စုံ၊ ကျောင်းဝတ်စုံများ၊ ကျောင်းသုံးစာရေးကိရိယာများ၊ အာဟာရပစ္စည်းများနှင့် အလှူငွေများ ထောက်ပံ့လှူဒါန်းကြသည်။ **(အောက်ပုံ)**

ထောက်ပံ့လှူဒါန်း

ဆက်လက်၍ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် သန်လျင်မြို့နယ်ရှိ စာသင်တိုက်များသို့ သွားရောက်၍ ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကျောင်းတိုက်အသီးသီးရှိ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာ၊ အာဟာရပစ္စည်းများ၊ ဆေးစိမ်ခြင်ထောင်၊ ဖျာနှင့်အလှူငွေများ ထောက်ပံ့လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ (၀၄၉)

ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၇၂ မှု၊ တရားခံ ၂၈၀ အရေးယူခဲ့

နေပြည်တော် သြဂုတ် ၅

၂၀၁၁ခုနှစ် ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၁၇၂ မှု ဖမ်းဆီးမိခဲ့ပြီး ဘိန်း ၂၉ မှု (အလေးချိန် ၄၈ ဒသမ ၄၉၄၉ ကီလို)၊ ဘိန်းဖြူ ၄၇ မှု (အလေးချိန် ၀ ဒသမ ၄၄၉၉ ကီလို)၊ ဘိန်းဆီသုံးမှု (အလေးချိန် ၀ ဒသမ ၂၄၃၄ ကီလို)၊ အဆင့်နိမ့်ဘိန်း ရှစ်မှု (အလေးချိန် ၁ ဒသမ ၉၇၉၈ ကီလို)၊ ဆေးခြောက်ရှစ်မှု (အလေးချိန် ၂၂ ဒသမ ၉၀၁၉ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၇၁ မှု (၆၁၀၆၆၃ ပြား)၊ ဘိန်းစာမှုန့်သုံးမှု အလေးချိန် (၉၀ ဒသမ ၁၉၀၉ ကီလို)၊ အက်ဖီဒရင်း (အလေးချိန် ၀ ဒသမ ၀၁၅ ကီလို)၊ အိုက်(စ်) (အလေးချိန် ၀ ဒသမ ၀၀၄၃ ကီလို)၊ စိတ်ကြွဆေးအကြေမှုန့် (အလေးချိန် ၀ ဒသမ ၀၃ ကီလို)၊ ဆူဒိုအက်ဖီဒရင်းသုံးမှု (၂၁၄၉၃၀၀ ပြား) ဖမ်းဆီးရမိခဲ့သည်။ အမှုပေါင်း ၁၇၂ မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား ၂၃၆ ဦး၊ မ ၄၄ ဦး စုစုပေါင်း တရားခံ ၂၈၀ တို့အား ဥပဒေအရအရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တောင်ကြီး၌ဟောပြော

တောင်ကြီး သြဂုတ် ၅

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ကြီးမှူး၍ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် လမ်းအသုံးပြုမှုဆိုင်ရာ ဟောပြောပွဲကို ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ နောင်လေအုပ်စု နမ့်ဆီး အထက(ခွဲ) ကျောင်းခန်းမ၌ ဇူလိုင် ၂၆ ရက် နံနက် ၉ နာရီခွဲက ကျင်းပရာ အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းအေးက အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေ **(အောက်ပုံ)**က မော်တော်ဆိုင်ကယ်နှင့် လမ်းအသုံးပြုသူများ လိုက်နာစောင့်ထိန်းရမည့် အချက်များကိုလည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့ ယာဉ်ထိန်းဌာနမှ ရဲအုပ်မြင့်အောင်က ယာဉ်အန္တရာယ်မဖြစ်ပွားရေးအတွက် ကြိုတင်ကာကွယ်ရမည့် အချက်များကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားကာ ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ဝေငှခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်ကညန)**

ဇူလိုင် ၂၀ ရက်က ရမ်းဗြဲမြို့ အောင်စေတီကမ်းနားလမ်း ကျောက်စီကမ်းကပ်ခုံ၊ သံကူကွန်ကရစ်ရက်မ၊ သစ်သားခင်းတံတားဆောင်ရွက်နေမှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းခင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံဘူမိသိပ္ပံအသင်း စုပေါင်းလှူဒါန်းပွဲ ကျင်းပမည်

ရန်ကုန် သြဂုတ် ၅

မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက ကြီးမှူး၍ ပဉ္စမအကြိမ်စုပေါင်းလှူဒါန်းပွဲကို သြဂုတ် ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် တက္ကသိုလ်များ လှိုင်နယ်မြေရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရှိရသည်။(မြန်မာ့အလင်း)

စနစ်တကျစုဖွဲ့မောင်းနှင်လာသော ယာဉ်တန်းကို ဦးစားပေးပါ။

သဘာဝရေပြင်နှင့် စပါးခင်းများအတွင်း မတ္တရာမြို့၌ ငါးမျိုးများစိုက်ထည့်

မတ္တရာ ဩဂုတ် ၅

ငါးသယံဇာတ တိုးပွားရေး၊ ငါးမျိုးများ ရေရှည်တည်တံ့စေရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် ဧရာဝတီမြစ်ရေလျှံကွင်းအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်း၊ သဘာဝရေပြင်နှင့် စပါးခင်းများအတွင်း ငါးရှဉ့်မျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက မတ္တရာမြို့နယ် စကျင်ကျေးရွာ၌ ကျင်းပရာ အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးဌာနမှူး ဦးတင်မောင်ကြည်၊ ဒုတိယတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးအေးလွင်၊ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသက်အေး၊ ပြင်ဦးလွင်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးနိုင်၊ မတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သိန်း၊ မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးထွန်းနှင့် ဝန်ထမ်းများ၊ ဒေသခံ ပြည်သူများက ဧရာဝတီမြစ်ရေလျှံကွင်းအတွင်းသို့ ငါးသားပေါက်များ မျိုးစိုက်ထည့်ပေးကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ စကျင်ကျေးရွာသဘာဝရေပြင်နှင့် စပါးခင်းများအတွင်းသို့လည်း ငါးရှဉ့်သားပေါက်ကောင်ရေ ၁၀၀၀၀ခန့် မျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး ဩဂုတ် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနက တောင်ကြီးမြို့နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရောင်းချရေးအခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၂၃ရက် နံနက်၁၀ နာရီက ရှမ်းပြည်နယ်အခွန်ဦးစီးဌာနအစည်းအဝေးခန်းမ၌ကျင်းပရာပြည်နယ်အခွန်ဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်(၄) တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် တောင်ကြီးခရိုင် အခွန်ဦးစီးဌာနဦးစီးမှူး ဦးခင်မောင်ထွေးနှင့် တောင်ကြီးမြို့နယ်အခွန်ဦးစီးဌာနမှူးရုံးမှ ဦးစီးအရာရှိများဖြစ်ကြသော ဦးဇော်ဝင်း၊ ဦးမြင့်ဆွေနှင့် ဦးစိန်တင်ကြည်တို့က အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးနှင့် ပတ်သက်၍ အခွန်ဆိုင်ရာများကို ပညာပေးရှင်းလင်းပြောကြားကြသည်။ ဆက်လက်၍တက်ရောက်လာကြသူများ၏သိလိုသည့် မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်းနှင့် ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကြံခင်းမြို့နယ်၌ ကောက်စိုက်စွမ်းရည် ဆုချီးမြှင့်

ကြံခင်း ဩဂုတ် ၅

ကြံခင်းမြို့နယ် တလိုင်းကွင်းအုပ်စု ပန်းရုံစုကျေးရွာ ကွင်းအမှတ် (၄၀) တွင် ဇွန် ၃၀ ရက် နံနက် ၈ နာရီက မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးကောက်စိုက်စွမ်းရည်ပြိုင်ပွဲကျင်းပရာ ပထမဆုရ ရွှေတောင်စုရပ်ကွက် ကောက်စိုက်လုံမေအဖွဲ့အား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်း **(အောက်ပုံ)**က လည်းကောင်း၊ ဒုတိယဆုရ တလိုင်းကွင်းအုပ်စု(ခ)ကောက်စိုက်လုံမေအဖွဲ့အား စီမံကိန်းဦးစီးအရာရှိ ဦးသန်းစိုးဦးကလည်းကောင်း၊ တတိယဆုရ မြို့မရပ်ကွက် ကောက်စိုက်လုံမေအဖွဲ့အား မြို့နယ်ဥပဒေအရာရှိ ဦးမြင့်သိန်းကလည်းကောင်း ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာသင်စရိတ် ဟသ်ာတ၌ ထောက်ပံ့ပေးအပ်

ဟသ်ာတ ဩဂုတ် ၅

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ဟသ်ာတခရိုင် ဟသ်ာတမြို့နယ် အိပ်ပျက်ကျေးရွာအုပ်စု အိပ်ပျက်ရွာ အလယ်စု မူလွန်ကျောင်းတွင် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်ပေးအပ်ပွဲကို ဇူလိုင် ၂၅ရက် နံနက် ၁၀ နာရီက အဆိုပါ မူလွန်ကျောင်း၌ ကျင်းပရာ ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။ ရှေးဦးစွာအလှူရှင် ဦးစံဝင်း(လူမှုထူးချွန် တတိယဆင့်)က ဆင်းရဲနွမ်းပါးသော ကျောင်းသားကျောင်းသူများ အတွက် ပညာသင်စရိတ်ထောက်ပံ့လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ် ၁၉၀၀၀၀ကို ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(ဝ၇၅)**

မိုးစပါးအထွက်နှုန်းများမှန်ကန်ရေး မှော်ဘီ၌ဆောင်ရွက်

မှော်ဘီ ဩဂုတ် ၅

တောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက်စေရေးအတွက် သိပ္ပံနည်းကျစိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့များ သုံးစွဲရေးအတွက် တွေ့ဆုံဆွေးနွေးပွဲကို မှော်ဘီမြို့နယ် ကုလားကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဆွေ၊ ရန်ကုန်တိုင်းဒေသကြီး မြေစာရင်းဦးစီးဌာနမှူး ဦးကျင်ထွန်းနှင့် ရန်ကုန်မြောက်ပိုင်းခရိုင် မြေစာရင်းဦးစီးဌာနမှူး ဦးဌေးလွင်တို့က သိပ္ပံနည်းကျစိုက်ပျိုးနည်း (၁၄)ချက်နှင့်အညီ မိုးစပါးစိုက်ပျိုးရေး ဆွေးနွေးပြောကြားကြသည်။ ထို့နောက် ခေတ္တညွှန်ကြားရေးမှူးချုပ်နှင့် အဖွဲ့သည် ကုလားကုန်းကျေးရွာအုပ်စု ကွင်းအမှတ်(၆၃၂) ဇင်းပြွန်းကုန်းကွင်းတွင် တောင်သူတစ်ဦးချင်း လုပ်ကွက်ဧက မှန်ကန်ရေးနှင့် အထွက်နှုန်းကောင်း၊ သင့်၊ ညံ့ အလွှာအလိုက် မိုးစပါးစိုက်ဧကစာရင်း ကောက်ယူဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်မြေစာရင်း)**

ရေကြည်မြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် စုပေါင်းလှူဒါန်းပွဲကို ဇူလိုင် ၁၀ရက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ဧရာဝတီတိုင်းဒေသကြီးမွှောရုံ၌ ကျင်းပရာ တာဝန်ရှိသူတစ်ဦးက တက္ကသိုလ်ဝင်စာမေးပွဲတွင် လေးဘာသာဂုဏ်ထူး ရရှိသူ မနှင်းချယ်ရီလွင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

ရေကန်များတည်ဆောက်

ပေါင်မြို့နယ်အတွင်း မြို့ရေပေးရေးအတွက် အများသုံးရေကန်များ တည်ဆောက်ထားရှိမှုကို မွန်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင်မြင့်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လှနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းဇော်တို့ ရှင်းလင်းတင်ပြကြစဉ်။(မြို့နယ်စည်ပင်)

ဇူလိုင် ၃ ရက်က မင်းတုန်းမြို့နယ် မင်းတုန်းခန်းမ၌ မြန်မာ့ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြပွဲ၊ ပြိုင်ပွဲကျင်းပရာ အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ခင်မူ အမှာစကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဗန်းမော်မြို့၌ဆောင်ရွက်

ဗန်းမော် ဩဂုတ် ၅

ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ ပြည်သူများလျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် အသိပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်းနှင့် အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ဩဂုတ် ၁ ရက် နံနက်ပိုင်းက ဗန်းမော်မြို့ မင်းကုန်းရပ်ကွက် သီရိရတနာဈေးရှေ့၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးဉာဏ်ထွန်းနှင့် ဝန်ထမ်းများက မြေစိုက်ပိုစတာစိုက်ထူခြင်းကို ဆောင်ရွက်ခဲ့ပြီး လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဈေးနှင့် လမ်းဆုံများ၌ လိုက်လံဝေငှပေးခဲ့သည်။ဆက်လက်၍ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ပညာပေးဟောပြောပွဲများကိုလည်းမြို့ပေါ်ရပ်ကွက်များတွင် ကျင်းပလျက်ရှိကြောင်း သိရှိရသည်။ **(၁၂၈)**

မြန်မာ့အလင်း စာတည်းထံပေးစာများ

ကျူးကျော်ဈေးဆိုင် ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား–

လေးထောင့်ကန်လမ်း (ဇ) တောင်ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ် ရွှေနားပန်ဘုရားလမ်းပေါ်ရှိ ကျူးကျော်ဈေးဆိုင်များသည် လမ်းမပေါ်တက်၍ ဈေးဆိုင်များခင်းကျင်း ရောင်းချနေသောကြောင့် ယာဉ်အဝင်အထွက်ခက်ခဲပြီး လမ်းသွားလမ်းလာများအတွက် ယာဉ်အန္တရာယ်စိုးရိမ်ရပါသဖြင့် သက်ဆိုင်ရာမှ ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသွားလမ်းလာများ

လမ်းဘေးဈေးဆိုင်များ ကြပ်မတ်ပေးစေချင်

စာတည်းခင်ဗျား–

တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် အင်းဝလမ်းမပေါ်ရှိ လမ်းဘေးဆိုင်များပေါ်တွင် ညပိုင်း၌ အရက်သေစာသောက်သုံး၍ လောင်းကစားပြုလုပ်အော်ဟစ်ခြင်းများကြောင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ရပါသဖြင့် သက်ဆိုင်ရာမှ လိုအပ်သလို ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

အမှိုက်ပုံအနံ့ဆိုး ဆောင်ရွက်ပြီးဖြစ်

၂-၈-၂၀၁၁ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာတည်းထံပေးစာပါ **ရွှေကူမြို့အမှတ် (၄) ရပ်ကွက်အတွင်း မြို့မဈေးကြီးဘေးလမ်း အထက(၁)ကျောင်းရှေ့ရှိ အမှိုက်ပုံမှ အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေထိုင်သူများ ကျန်းမာရေးထိခိုက်**ပေးစာနှင့် ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

(မြို့နယ်စည်ပင်သာယာရေးအဖွဲ့)

မြန်မာ့အလင်း မှုခင်းသတင်း ၅-၈-၂၀၁၁

ငွေကျပ် ၁၀ သိန်းပါအိတ် ခိုးယူခံရ

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် (၄၁)လမ်းနှင့် (၄၂)လမ်းကြား မဟာဗန္ဓုလလမ်း၌ ဖွင့်လှစ်ထားသော ဓာတ်ပုံဆိုင်တစ်ဆိုင်၌ ဩဂုတ် ၁ ရက် နံနက် ၉ နာရီခန့်က ငွေကျပ် ၁၀ သိန်းပါအိတ် ခိုးယူခံရမှုဖြစ်ပွားခဲ့သည်။

ခန့်မှန်းအသက် (၃၀)ကျော်ရှိ အမျိုးသမီးတစ်ဦး ဆိုင်သို့ရောက်ရှိလာကာ ဓာတ်ပုံကူးမည့် ဟန်ဆောင်၍ အဆိုပါဆိုင်မှ မလဲ့လဲ့ဖြူ၏ ငွေကျပ် ၁၀ သိန်း၊ လက်ကောက်တစ်ကွင်း၊ ဘဏ်စာအုပ် တစ်အုပ်နှင့် မှတ်ပုံတင်ထည့်ထားသောအိတ် ခိုးယူခံရခြင်းဖြစ်ပြီး ဗိုလ်တထောင်မြို့နယ် ရဲစခန်းသို့ အမှုဖွင့်တိုင်ကြားထားကြောင်း သိရှိရသည်။ **(ကိုကြီးသာ)**

ဆိုင်ကယ်နှင့် အမြန်ယာဉ် ရှောင်ရင်းတိမ်းရင်း ဝင်တိုက်

ခရီးသည်တင် အမြန်ယာဉ်ကို မော်တော်ဆိုင်ကယ်က ဝင်တိုက်မိ၍ သေဆုံးရသည့် ယာဉ်တိုက်မှုကို ဇူလိုင် ၃၀ ရက်က နွားထိုးကြီးမြို့နယ် ပြင်စည်ရဲစခန်းအပိုင် မြင်းခြံ- မန္တလေးလမ်း ပြင်စည်ရွာအနီး မိုင်တိုင် ၂၅/၃ နှင့် ၂၅/၄ ကြားတွင် ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ယာဉ်မောင်း မောင်လှိုင် အသက်(၃၅)နှစ် မောင်းနှင်လာသော မြင်းခြံမှ မန္တလေးဘက်သို့သွားသည့် ရွှေမြန်မာခရီးသည်တင် အမြန်ယာဉ်ကို မြင်းခြံဘက်သို့လာသည့် ၂က/----ဆိုင်ကယ်တစ်စီးက ပြင်စည်ရွာအနီး၌ တိမ်းရှောင်ရင်း ဝင်တိုက်မိသောကြောင့် ဆိုင်ကယ်စီးသူမှာ ဒဏ်ရာရရှိသဖြင့် နွားထိုးကြီးဆေးရုံအပို့တွင် လမ်း၌ သေဆုံးသွားခဲ့သည်။ အဆိုပါ ယာဉ်တိုက်မှုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝ၁၈)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေအခြေအနေ

နေပြည်တော် ဩဂုတ် ၅

သံလွင်မြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၉၀၅ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅၅ စင်တီမီတာ (၅ ဒသမ ၁ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ဘားအံမြို့တွင် ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းတာရရှိသော သံလွင်မြစ်ရေ ၉၂၅ စင်တီမီတာသည် (၁၉၆၆-၂၀၁၁) နှစ်ပေါင်း (၄၆) နှစ်အတွင်း ဒုတိယအမြင့်ဆုံး မြစ်ရေမှတ်ဖြစ်သည်။ (၁၈-၈-၂၀၀၂)ရက်တွင် တိုင်းတာရရှိသော သံလွင်မြစ်ရေ (ဘားအံမြို့)၏ အမြင့်ဆုံးမြစ်ရေမှတ်မှာ ၉၃၆ စင်တီမီတာဖြစ်သည်။

ဆက်လက်တည်ရှိနိုင်

စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၂၄ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၅၄ စင်တီမီတာ (၁ ဒသမ ၈ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာ အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၅-၈-၂၀၁၁

ခန္တီးမြို့	၄ ဒသမ ၅၂ လက်မ
ကျောက်တော်မြို့	၄ ဒသမ ၁၃ လက်မ
မြောက်ဦးမြို့	၃ ဒသမ ၆၂ လက်မ
အမ်းမြို့	၃ ဒသမ ၁၉ လက်မ
ဘားအံမြို့	၃ ဒသမ ၁၅ လက်မ
သံတွဲမြို့	၂ ဒသမ ၉၆ လက်မ
ဘီးလင်းမြို့	၂ ဒသမ ၃၆ လက်မ

နိုင်ငံတော်၏ ရည်မှန်းချက်များနှင့် ဦးတည်ချက်များ လေ့လာသိရှိ ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ကြိုးပမ်း

နေပြည်တော် ဩဂုတ် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကားပြောကြားသည်။

အလေးထားကြိုးပမ်း

ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် ဝန်ထမ်းအဆင့်ဆင့်တိုင်းသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဦးတည်ချက်များ လေ့လာသိရှိပြီး ရည်မှန်းချက်ပြည့်မီရေး အင်တိုက်အားတိုက် ပါဝင်ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်းကို အောင်မြင်စွာ တက်ရောက်ကြပြီးဖြစ်သဖြင့် သင်တန်းသားများအနေဖြင့် လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ အားသာချက်၊ အားနည်းချက်များ၊ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စာရင်းအင်းပညာနှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့၏ သဘောသဘာဝများ အစရှိသည့် အခြေခံကောင်းများကို လေ့လာသင်ကြားခဲ့ပြီးဖြစ်ကြောင်း၊ သို့ဖြစ်၍ ဌာနခွဲအလိုက် လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းပါးစွာဖြင့် ဆတက်ထမ်းပိုး အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ကြရမည်ဖြစ်ကြောင်း၊ အခွန်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းတာဝန်များကို သင်တန်းတွင် သင်ကြားခဲ့သည့် ဥပဒေ၊ စည်းမျဉ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့် ပေါင်းစပ်ဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ ဘဏ္ဍာနှစ်အတွင်း လျာထားချက်ပြည့်မီကျော်လွန်ရုံမက ဖြစ်သင့်ဖြစ်ထိုက်၊ ရသင့်ရထိုက်သည့် အခွန်အရပ်ရပ်

စာမျက်နှာ ၈ ကော်လံ ၅ ◆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပြည်တွင်းအခွန်များဦးစီးဌာန မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၄၀) သင်တန်းဆင်းပွဲတွင် ပထမဆုရငွေစာရင်း၊ စာရင်းအင်းနှင့် အထွေထွေဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မာဝင်းအား ဆုပေးအပ်စဉ်။ (သတင်းစဉ်)

6-8 (20).pmd 1 8/6/2011, 3:09 AM